# သင်၏ဓမ္မပညာအား တည်ဆောက်ခြင်း

သင်ခန်းစာ တစ်

ဓမ္မပညာဟူသည် အဘယ်နည်း။

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။  ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။  ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။  ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........................................................................................ 1

အဓိပ္ပာယ်သတ်မှတ်ခြင်း........................................................................ 2

ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ......................................................... 2

Thomas Aquinas.......................................................................... 3

Charles Hodge ............................................................................ 5

William Ames.............................................................................. 7

John Frame.................................................................................. 8

သဘောထားများ.................................................................................... 9

ပညာရပ်ဆိုင်ရာလမ်းညွှန်မှု........................................................... 10

ဘဝလမ်းညွှန်မှု ............................................................................. 10

အကဲဖြတ်ချက်များ ........................................................................... 11

ပညာရပ်ဆိုင်ရာလမ်းညွှန်မှု...........................................................12

ဘဝလမ်းညွှန်မှု .............................................................................15

ပန်းတိုင်များ........................................................................................ 18

အဓိကပန်းတိုင်များ........................................................................... 18

ရှေးရိုးစွဲဝါဒ Orthodoxy................................................................19

မှန်ကန်သောအပြုအမူဆိုင်ရာ Orthopraxis ........................................20

မှန်ကန်သောခံစားမှု Orthopathos....................................................23

အပြန်အလှန်မှီခိုမှု ............................................................................27

ရှေးရိုးစွဲဝါဒ Orthodoxy................................................................27

မှန်ကန်သောအပြုအမူဆိုင်ရာ Orthopraxis ........................................28

မှန်ကန်သောခံစားမှု Orthopathos....................................................30

ဦးစားပေးခြင်းများ..............................................................................33

အကြောင်းအရာများ ........................................................................... 37

ရွေးချယ်မှုများ ..................................................................................38

ရွေးချယ်မှုများ ..................................................................................39

နိဂုံး .................................................................................................. 42





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# နိဒါန်း

တစ်ချိန်မဟုတ်တစ်ချိန်တွင်၊ ကျွန်ုပ်တို့သည် ငယ်ရွယ်သောကလေးငယ်များ ဆောက်လုပ်သော အရာဝတ္ထုများကို မြင်ဖူးပေလိမ့်သည်။ အများအားဖြင့်ကလေးများသည် အသေးစိပ်စနစ်ကျစွာမလုပ်တတ်ကြပါ။ သူတို့သည် လက်ရှိအချိန်တွင် အကောင်းဆုံးဟု ထင်ထားသည့်အတိုင်း အရာများကို အတူတကွ ရိုးရှင်းစွာလုပ်ဆောင်ကြသည်။ သို့သော် လူကြီးများမှာမူ အိမ်များ သို့မဟုတ် အခြားအဆောက်အအုံများ စသည့်အရာများကို ဆောက်လုပ်သည့်အခါ ယုံကြည်စိတ်ချရသော အစီအစဉ်တစ်ခုရှိရန်နှင့် ထိုအစီအစဉ်ကို တတ်နိုင်သမျှ ဂရုတစိုက်လုပ်ဆောင်ရန် မည်မျှအရေးကြီးသည်ကို သူတို့နားလည်ကြသည်။

ခရစ်တော်၏နောက်လိုက်များသည် မိမိတို့၏ဓမ္မပညာကိုတည်ဆောက်သောအခါ နည်းလမ်းများစွာဖြင့်အလားတူဖြစ်သင့်သည်။ ဓမ္မပညာသည် ကလေးများ၏ကစားစရာမဟုတ်ပါ။ ခရစ်ယာန်ဓမ္မပညာမှတည်ဆောက်ပေးသော အဆောက်အဦများအတွင်း အသက်တာ၏ နေ့ရက်တိုင်းတွင် ကျွန်ုပ်တို့သည် ရှင်သန်၊ လုပ်ဆောင်၊ ဝတ်ပြုကိုးကွယ်ပါသည်။ ထို့အတွက်ကြောင့် ယုံကြည်စိတ်ချရသော အစီအစဉ်တစ်ခုရှိရန်နှင့် ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်နိုင်သမျှ ဂရုတစိုက်လုပ်ဆောင်ရန်အရေးကြီးပါသည်။

ဤသည်မှာ ကျွန်ုပ်တို့၏အခန်းဆက်ဆောင်းပါးဖြစ်သည့် *သင်၏ဓမ္မပညာအားတည်ဆောက်ခြင်း* အတွက် ပထမဆုံးသင်ခန်းစာဖြစ်သည်။ ဤအခန်းဆက်ဆောင်းပါးတွင်၊ဓမ္မပညာတစ်ခုတည်ဆောက်ရန် လိုက်နာသင့်သည့် အခြေခံလမ်းညွှန်ချက်အချို့ကို လေ့လာပါမည်— ဘုရားသခင်ကိုရိုသေခြင်းမြောက်ပြီး ကျွန်ုပ်တို့၏ဘဝအတွက် ကိုယ်တော်၏ရည်ရွယ်ချက်များကိုထပ်ဆင့်ပေးသော အခြေခံလမ်းညွှန်ချက်များအကြောင်း ဖြစ်သည်။ ဤသင်ခန်းစာအား “ဓမ္မပညာဟူသည် အဘယ်နည်း” ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤမေးခွန်းအတွက်အဖြေသည် ခရစ်ယာန်ဓမ္မပညာကို လေ့လာပြီးအသက်ရှင်စဉ်တွင် ကျွန်ုပ်တို့မှတ်သားထားရမည့် အရေးကြီးသောစဉ်းစားတွေးခေါ်မှုအချို့အပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

သင်ခန်းစာကို အဓိကအပိုင်းနှစ်ပိုင်းခွဲပါမည်။ ဦးစွာ၊ ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို လေ့လာမည်။ ဒုတိယ၊ ဓမ္မပညာ၏ပန်းတိုင်များကို လေ့လာမည်။ တတိယ၊ ဓမ္မပညာ၏ အကြောင်းအရာများကို လေ့လာမည်။ “ဓမ္မပညာ” ဟူသောအသုံးအနှုန်း၏ အဓိပ္ပာယ်သတ်မှတ်ခြင်းဖြင့် စတင်ကြပါစို့။



*ဗီဒီယိုများ၊ လေ့လာမှု လမ်းညွှန်များနှင့် အခြားသော အရင်းအမြစ်များစွာတို့အတွက်* ***http://thirdmill.org/scribd*** *သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။*

# အဓိပ္ပာယ်သတ်မှတ်ခြင်း

"ဓမ္မပညာ" ဟူသော စကားလုံးအား ခရစ်ယာန်များအလွန်အသုံးပြုကြသောကြောင့် ၎င်းကို ကျွန်ုပ်တို့အားလုံး သဘောတူသည်ဟု သင်ထင်ကောင်းထင်နိုင်သည်။ သို့သော် ရာစုနှစ်များတစ်လျှောက် ဓမ္မပညာရှင်တို့သည် ခရစ်ယာန်ဓမ္မပညာနှင့်ပတ်သက်၍ မတူညီသောအယူအဆများကို ဖော်ထုတ်ခဲ့ကြသည်။ စကားလုံးကိုယ်နှိုက်သည် ယေရှုလက်ထက်မတိုင်မီ ရှေးဂရိအတွေးအခေါ်မှ ဆင်းသက်လာသော်လည်း သမ္မာကျမ်းစာတွင်မူ တစ်ခါမျှမဖော်ပြထားပါ။ ၎င်းကို ဓမ္မဟောင်းကျမ်း၏ ရှေးဂရိဘာသာပြန်ဖြစ်သော Septuagint တွင် မတွေ့ရှိရသလို၊ ဓမ္မသစ်ကျမ်းတွင်လည်း မတွေ့ရပါ။ ဤသည်မှာ "ဓမ္မပညာ" ဟူသောစကားလုံးတွင် ကနဦးယုံကြည်သူများလက်မခံနိုင်သည့် အယူမှားသောအဓိပ္ပါယ်များရှိသောကြောင့် ဖြစ်နိုင်ပါသည်။ ခရစ်ယာန်များသည် ဓမ္မသစ်ကာလနောက်မကြာမီတွင် "ဓမ္မပညာ" ဟူသောအသုံးအနှုန်းကို စတင်လက်ခံလာပြီး ယနေ့ကျွန်ုပ်တို့၏ခရစ်ယာန်ဝေါဟာရတွင် ပုံမှန်အသုံးအနှုန်းတစ်ခုဖြစ်လာသည်။ အမှန်တကယ်တွင်၊ ထောင်စုနှစ်တစ်လျှောက်လုံး၊ ၎င်းသည် မည်သည့်အရာကိုဆိုလိုခြင်းနှင့်ပတ်သက်၍ ပုံစံအမျိုးမျိုးနှင့် နားလည်ခဲ့ကြသည်။ ထို့ကြောင့်၊ဤအခန်းဆက်ဆောင်းပါးတွင်ကျွန်ုပ်တို့လိုက်နာရမည့် ဓမ္မပညာသဘောတရားနှင့်ပတ်သက်၍ အစကတည်းကပင် ရှင်းလင်းရန် အရေးကြီးသည်။

ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို နည်းလမ်းသုံးမျိုးဖြင့် ဆွေးနွေးမည်။ ပထမဦးစွာ ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်လေးခုကို မိတ်ဆက်ပေးပါမည်။ ဒုတိယ၊ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်များ၏ ဥပမာပေးထားသော သဘောထားများကို ဖော်ပြပါမည်။ တတိယ၊ ထိုသဘောထားများ၏ အားသာချက်နှင့် အားနည်းချက်တို့ကို အကဲဖြတ်လေ့လာကြည့်ပါမည်။ "ဓမ္မပညာ" ဟူသော ဝေါဟာရ၏ပုံမှန်အဓိပ္ပါယ်လေးခုကို သတိပြုမှတ်သားခြင်းဖြင့် စတင်ကြပါစို့။

## ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ရောမ ၁ အရ၊ လူသားအားလုံးသည် ၎င်းတို့၏နေ့စဉ်ဘဝတွင် ဓမ္မပညာနှင့်ပတ်သက်နေသည် ဟူသောခံစားမှုတစ်ခု ရှိကြသည်။ အစကတည်းကပင် ဘုရားသခင်၏မမြင်နိုင်သောအရည်အသွေးများနှင့် ကိုယ်ကျင့် တရားဆိုင်ရာလိုအပ်၊ လိုလားချက်များသည် ဖန်ဆင်းခြင်းမှတစ်ဆင့် လူသားမျိုးနွယ်အား ထုတ်ဖော်ပြသခဲ့ ကြောင်း ပေါလုရှင်းပြခဲ့သည်။ ဖန်ဆင်းခြင်းတွင် ဘုရားသခင်၏ဗျာဒိတ်တော်နှင့်တွေ့ဆုံသောအခါ၊ မယုံကြည်သူများပင်လျှင် တစ်ခါတစ်ရံမသိစိတ်ထဲ၌ ဘုရားသခင်နှင့် သူ၏တရားမျှတသော တောင်းဆို ချက်များကို ဆင်ခြင်သုံးသပ်ကြသည်။ ယုံကြည်သူများသည် မည်သည့်အချိန်၊ မည်သည့် နေရာ၌နေထိုင် သည်ဖြစ်စေ ဘုရားသခင်နှင့်ပတ်သက်သောအတွေးများအပေါ် သူတို့၏အချိန်များစွာကို အသုံးပြုကြသည်။ ဤအ ခန်းဆက်ဆောင်းပါးတွင်၊ ကျွန်ုပ်တို့သည် ဓမ္မပညာအား လုပ်ငန်းတာဝန် တစ်ရပ်အဖြစ် ပို၍အာရုံစိုက်လိုပါသည်—လေ့လာမှု၏နည်းလမ်းတစ်ခုအဖြစ် ဓမ္မပညာကိုလိုက်နာရန် အတွက် ညီညွတ်မှုနှင့် ကောင်းစွာ အားထုတ်မှုရှိသူများ၏ လုပ်ဆောင်သည့်လုပ်ငန်းတစ်ခု ဖြစ်သည်။

ခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သူများတွင် ဓမ္မပညာ၏နည်းလမ်းကို သတ်မှတ်သည့် မရေမတွက်နိုင်သောနည်းလမ်းများရှိသည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ လေးစားထိုက်သောခရစ်ယာန်ဓမ္မပညာရှင်လေးဦးထံမှ ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်များသာ လေ့လာကြပါမည်။ Thomas Aquinas၊ Charles Hodge၊ William Ames နှင့် ခေတ်ပြိုင်ဓမ္မပညာရှင် John Frame တို့ဖြစ်သည်။ Thomas Aquinas သည် ဓမ္မပညာကို မည်သို့သတ်မှတ်ကြောင်း ဦးစွာသုံးသပ်ကြည့်ပါမည်။

## Thomas Aquinas

၁၂၂၅ မှ ၁၂၇၄ ခုနှစ်အတွင်း အသက်ရှင်ခဲ့သော ကျော်ကြားသော ရိုမန်ကက်သလစ် ဓမ္မပညာရှင် Thomas Aquinas သည် ဓမ္မပညာ၏အစဉ်အလာအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကိုယ်စားပြုသူဖြစ်သည်။ သူ၏အမြင်များသည် သူ့ရှေ့တွင်အသက်ရှင်ခဲ့သော ဓမ္မပညာရှင်တို့၏ လုပ်ဆောင်မှုများမှ ပေါက်ဖွားလာခဲ့ပြီး၊ ယနေ့တိုင် သူ၏အမြင်များသည် အသင်းတော်များစွာရှိ ဓမ္မပညာရှင်များအပေါ် ဆက်လက်လွှမ်းမိုးနေပါသည်။

> Thomas သည်ကျွန်ုပ်အတွက် ကြီးမားသောလှုံ့ဆော်မှုတစ်ခု ဖြစ်သည်။ အကြောင်းမှာ သူသည် ကျွန်ုပ်တို့အတွက် မြင့်မြတ်သောသမ္မာကျမ်းချက်များ၊ ခရစ်ယာန်ဘာသာ၏ သွန်သင်ချက်များ၊ ၎င်းအပေါ် သစ္စာရှိစေလိုသောဆန္ဒတို့နှင့် တစ်ချိန်တည်းတွင် အချက်အလက်အားလုံး၊ သုတေသနအားလုံး၊ အဓိကအတွေးအခေါ်နှင့် သင့်တစ်နေ့တာ၏လုပ်ဆောင်မှုအားလုံးတို့၌ မည်သို့ချဉ်းကပ်ရမည်ကို စံနမူနာပြုပေးသူ ဖြစ်သည်။ Thomas သည် Aristotelian အတွေးအမြင်နှင့် ခရစ်ယာန်အတွေးအခေါ်ကို ပေါင်းစပ်ပေးသောကြောင့် သူ့အားကြီးမြတ်သော ပေါင်းစပ်ဖန်တီးသူအဖြစ် လူသိများခဲ့ပြီး၊ ထိုအချိန်တွင် ဤသို့လုပ်ဆောင်နိုင်မည်ဟု မည်သူမျှမထင်ခဲ့ပေ။ Aristotle အကြောင်းကို မေ့လျော့နေစေခဲ့သည်။ လူတိုင်းသူ့ကိုပြန်ဖတ်နိုင်ဖို့ သူ့အားလက်တင်ဘာသာသို့ပြန်ဆိုခဲ့သော အာရပ်လူမျိုးများမှ တစ်ဆင့် အနောက်တိုင်းကမ္ဘာထံ ပြန်၍မိတ်ဆက်ပေးခဲ့သည်။ Aristotle ကို ပြန်လည်ရှာဖွေတွေ့ရှိသောအခါ၊ သူသည် ဉာဏ်ကြီးရှင်တစ်ဦးဖြစ်ကြောင်းကို လူတိုင်းအသိအမှတ်ပြုသောကြောင့် ခရစ်ယာန်လောကတွင် ထိတ်လန့်တကြား ဖြစ်ခဲ့ရသည်။ သူသည် အမှန်တကယ် ကျွမ်းကျင်ထက်မြက်သူဖြစ်သည်။ သူသည် အရာရာတိုင်းအား ရေးထားခဲ့သည်။ ကျွန်ုပ်ဆိုလိုသည်မှာ အရှိအတိုင်း အရာအားလုံးကို ရေးထားသည်။ ထို့နောက် တတိယအချက်မှာ Aristotle ပြောသမျှသည် ခရစ်ယာန်ဘာသာနှင့် ဆန့်ကျင်နေပုံရသဖြင့်၊ ၎င်းကြောင့် ခရစ်ယာန်ဘာသာကို တစ်နည်းနည်းဖြင့် ငြင်းဆိုနိုင်သည်။ Thomas သည် ဤအရာများနှင့် ဤအတွေးအခေါ်ကို အလွန်အလေးအနက်ထားကာ၊ တစ်ချိန်တည်းတွင် သူသည် သူ၏ရှေးရိုးစွဲဝါဒ orthodoxy ကို စောင့်ထိန်းသူဖြစ်သည်။ သူသည် ခရစ်ယာန်ဘာသာအပေါ် ခိုင်မာသော၊ နက်နဲသော၊ အတွေးအခေါ်ဆိုင်ရာ ကတိကဝတ်များ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သာမက၊ ခရစ်ယာန်ဘာသာအပေါ် ဝိညာဉ်ရေးဆိုင်ရာ ကတိကဝတ်ကိုလည်း ထိန်းသိမ်းထားသည်။ ထို့နောက် ဤနှစ်ခုကြားလမ်းဆုံတွင် သူသည်စ၍ လုပ်ဆောင်သည်။

**ဒေါက်တာ James K. Dew, Jr.**

အပိုင်း ၁၊ မေးခွန်း ၁၊ အပိုဒ် ၇ တွင် သူ၏နာမည်ကြီး *Summa Theologica* တွင် Aquinas သည် ဓမ္မပညာကို "မြင့်မြတ်သောအယူဝါဒ" ဟုခေါ်ပြီး၊ ၎င်းကို အဓိပ္ပါယ်ဖွင့်ဆိုထားသည်–

> [ပေါင်းစည်းထားသော] သိပ္ပံပညာ [ထိုသိပ္ပံ] သည် ဘုရားသခင်၏ရှုထောင့်အောက်တွင် အရာရာအားလုံး ဆက်ဆံခံကြရသည်။–အကြောင်းမှာ ၎င်းတို့သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သောကြောင့် သို့မဟုတ် ဘုရားသခင်ကိုရည်ညွှန်းသောကြောင့်ဖြစ်သည်။

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်၏ ရှုထောင့်နှစ်ခုသည် အထူးဂရုပြုထိုက်သည်။ Aquinas သည် ဓမ္မပညာကို "သိပ္ပံပညာ" တစ်ခုအဖြစ် သတ်မှတ်ကြောင်း ဦးစွာသတိပြုပါ။

ယခု ဤနေရာတွင်၊ Aquinas ပြောသော စကားလုံး၏သဘောအရ ခေတ်သစ်သိပ္ပံပညာကို ရည်ညွှန်းခြင်းမဟုတ်ပါ။ ၎င်းအစား၊ သူသည် "ဉာဏ်ပညာ သို့မဟုတ် ပညာရပ်ဆိုင်ရာရှာဖွေမှု" ၏ ရှေးကျပြီး ပိုမိုကျယ်ပြန့်သောသဘောအရ "သိပ္ပံပညာ" ဟူသော ဝေါဟာရကို အသုံးပြုခဲ့သည်။ ဤသဘောအရ၊ ဓမ္မပညာသည် တိကျသောပန်းတိုင်တစ်ခုရှိသော ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်တစ်ခုဖြစ်သည်။ လူတို့သည် ဇီဝဗေဒ၊ စိတ်ပညာ၊ စာပေ၊ ဥပဒေ သို့မဟုတ် သမိုင်းကို လေ့လာကြသကဲ့သို့ ဓမ္မပညာရှင်များသည်လည်း ဓမ္မပညာကို ပညာရေးဆိုင်ရာနည်းလမ်းတစ်ခုအဖြစ် လေ့လာလိုက်စားကြသည်။

Aquinas ၏အမြင်တွင်၊ ဓမ္မပညာရှင်၏လုပ်ငန်းတာဝန်မှာ အယူဝါဒများ သို့မဟုတ် အယူအဆများအကြောင်း စဉ်းစားတွေးခေါ်ရန်၊ ပြောဆိုရန် သို့မဟုတ် ရေးသားရန်ဖြစ်သည်။ ဟုတ်ပါသည်၊ Aquinas အနေဖြင့်၊ ဓမ္မပညာသည် ခရစ်ယာန်အသက်တာ၏ရှုထောင့်တိုင်းအပေါ် လက်တွေ့ကျသော လွှမ်းမိုးမှုရှိသင့်သည်ဟု ယုံကြည်ခဲ့သည်။ သို့သော်လည်း သူသည်ဓမ္မပညာကို သိပ္ပံပညာ၊ ဉာဏ်ပညာရှာဖွေမှုတစ်ခုအဖြစ် အဓိကခံယူခဲ့သည်။

ဓမ္မပညာသည် ပေါင်းစည်းထားသော သိပ္ပံပညာဖြစ်သည့်အပြင်၊ ဓမ္မပညာ၏နည်းလမ်းသည် အဓိကအကြောင်းအရာနှစ်ခုတွင် အာရုံစိုက်ကြောင်း Aquinas သတ်မှတ်ခဲ့သည်။ တစ်ဖက်တွင်၊ ဓမ္မပညာရှင်များသည် "ဘုရားသခင်ကိုယ်တော်တိုင်" နှင့်စပ်လျဉ်းသည့် ပြဿနာများကို ဟောပြောဖြေရှင်းပေးကြသည်။

ဥပမာအားဖြင့်၊ ဓမ္မပညာရှင်များသည် ဘုရားသခင်၏ဂုဏ်တော်များဖြစ်သည့်—သဗ္ဗညုတဉာဏ်၊ အလုံးစုံသောနေရာတွင်တည်ရှိမှု၊ သန့်ရှင်းမှုနှင့် အခြားအရာများအပြင်— ကိုယ်တော်၏အကြံအစည်နှင့် လုပ်ဆောင်မှုများကဲ့သို့သော ကိစ္စများနှင့်ပတ်သက်ပြီး ၎င်းတို့ယုံကြည်သောအရာကို ပုံဖော်

ကြသည်။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာများနှင့် အလားတူအကြောင်းအရာများကို “ခမည်းတော် ဘုရားအကြောင်းဓမ္မပညာ”ဟု မကြာခဏခေါ်ဆိုကြသည်။ ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့ လေ့လာသည့်အကြောင်းအရာဖြစ်သည်။

အခြားတစ်ဖက်တွင်၊ Aquinas အတွက်၊ ဓမ္မပညာ၏နည်းလမ်းသည် “ဘုရားသခင်ကိုရည်ညွှန်း သော” နည်းလမ်းဖြင့် အခြားအကြောင်းအရာများကို လေ့လာခြင်းလည်းဖြစ်သည်။ ဤအကြောင်းအရာ များကို ဘုရားသခင်အား ရည်ညွှန်းခြင်းမရှိဘဲ အခြားနည်းလမ်းများတွင် ဆွေးနွေးလေ့ရှိသော်လည်း၊ ဓမ္မ ပညာရှင်တို့သည် ၎င်းတို့အား ဘုရားသခင်နှင့်စပ်လျဉ်း၍ လေ့လာကြသည်။ ဥပမာအားဖြင့်၊ eschatology၊ နောက်ဆုံးသောကာလဆိုင်ရာ အယူဝါဒကိုလေ့လာခြင်းသည် "ဓမ္မပညာအချုပ်" ဟုခေါ် ဆိုနိုင်သည့် အရေးကြီးသောဘာသာရပ်ဖြစ်သည်။ ထို့အပြင် လူသားတို့၏ သဘောသဘာဝ၊ မကောင်းမှု နှင့် အပြစ်၊ ရွေးနုတ်ခြင်းနှင့် အလားတူသော အကြောင်းအရာများအကြောင်း ခရစ်ယာန်သွန်သင်ချက် များသည် ခမည်းတော်ဘုရားအကြောင်းဓမ္မပညာ မဟုတ်သော်လည်း ဓမ္မပညာ၏ခေါင်းစီးအောက်တွင် ရှိနေသည်။

Aquinas ၏ ဓမ္မပညာဆိုင်ရာပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်အား စိတ်ထဲမှတ်သားထားကာ၊ ၁၇၉၇ မှ ၁၈၇၈ အထိ အသက်ရှင်ခဲ့သော ပရိုတက်စတင့်ဘာသာရေးဆရာ Charles Hodge ၏အလားတူအမြင် ကို သုံးသပ်ကြည့်ကြပါစို့။

## Charles Hodge

ပရိုတက်စတင့်ဓမ္မပညာရှင်များသည် ရိုမန်ကက်သလစ်ဘာသာဝင်များနှင့် ပုံစံအမျိုးမျိုးဖြင့် ကွဲပြားသော်လည်း၊ အများအားဖြင့် ၎င်းတို့သည် ၎င်းတို့၏ဓမ္မပညာအခြေခံအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြီးကြီးမားမား မပြောင်းလဲခဲ့ကြပေ။ Princeton မှ Charles Hodge သည် သူ၏ *စနစ်တကျဓမ္မပညာ Systematic Theology* အခန်း ၂၊ အပိုင်း ၁ နိဒါန်းတွင် ဓမ္မပညာကိုအဓိပ္ပာယ်သတ်မှတ်ခဲ့သည်_

> ထိုအချက်များသည် ဘုရားသခင်၏သဘောသဘာဝနှင့် ကိုယ်တော်နှင့်ကျွန်ုပ်တို့ ၏ဆက်ဆံရေးနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ဗျာဒိတ်တော်အဖြစ်မှန်များ၏ သိပ္ပံပညာဖြစ်သည်။

Hodge ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် Aquinas ၏အဓိပ္ပါယ်နှင့် အလွန်ဆင်တူကြောင်း ဤ နေရာတွင် တွေ့မြင်ရသည်။ Aquinas နှင့် Hodge နှစ်ဦးစလုံးသည် ဓမ္မပညာကို “သိပ္ပံပညာ” တစ်ခု အဖြစ် ဖော်ပြခဲ့ကြသည်။ Aquinas ကဲ့သို့ပင် Hodge သည်လည်း ဓမ္မပညာကို အဓိကအားဖြင့် ပညာ ရေးဆိုင်ရာနည်းလမ်းတစ်ခုအဖြစ် ရှုမြင်ခဲ့သည်။ အမှန်မှာ၊ သူသည် သူ၏ခေတ်ရှိ သဘာဝနည်းစနစ် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာသိပ္ပံနည်းစနစ်များကိုပင် ဓမ္မပညာရှင်များ လိုက်နာရန် စံနမူနာအဖြစ် အသုံးချခဲ့ သည်။ *စနစ်တကျဓမ္မပညာ Systematic Theology* အခန်း ၁၊ အပိုင်း ၁၊ နိဒါန်းတွင် ဓမ္မပညာနှင့် သဘာ ဝသိပ္ပံတို့ကို Hodge နှိုင်းယှဉ်ပုံကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သဘာဝတရားသည် ဓာတုဗေဒစနစ် သို့မဟုတ် သဘာဝလှုပ်ရှားမှုနှင့် ကျိုးကြောင်းဆက်သောစနစ်တစ်ခု ဖြစ်သည်ထက် သမ္မာကျမ်းစာသည် ဓမ္မပညာ၏ စနစ်တစ်ခုမဟုတ်ပါ။ ဓာတုဗေဒ ပညာရှင် သို့မဟုတ် သဘာဝတရားဆိုင်ရာအတွေးအခေါ်ပညာရှင်တို့ စစ်ဆေးရန်လို အပ်သည့် အချက်များကို သဘာဝတရားတွင်တွေ့ရှိရသည်... သူတို့ဆုံးဖြတ်ထားခဲ့သည့် ဥပဒေများကို သေချာစေရန်အတွက် ဖြစ်သည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာတွင် ဓမ္မပညာရှင်တို့ စုဆောင်းရန်၊ စစ်မှန်ကြောင်း သက်သေပြရန်၊ စီစဉ်ရန်နှင့် အချင်းချင်းကြားတွင် ၎င်းတို့၏ အတွင်းပိုင်းဆက်နွယ်မှုကို ပြသရမည့် သမ္မာတရားများ ရှိသည်။

Charles Hodge သည် ၁၈၀၀ ခုနှစ်၏လူတစ်ဦးဖြစ်ပြီး၊ ၁၈၀၀ ခုနှစ်တွင် "သိပ္ပံပညာ" ဟူသောစကားလုံးကို ယနေ့ခေတ်ထက်ပိုမိုကျယ်ပြန့်စွာ အသုံးပြုခဲ့ကြသည်။ သိပ္ပံပညာအားခက်ခဲသောပညာအဖြစ် မျက်မှောက်ခေတ်တွင် ယူဆသောကြောင့်၊ ဓမ္မပညာ၏ အယူအဆကို သိပ္ပံပညာတစ်ခုအဖြစ် ကြားသောအခါ တုန်လှုပ်သွားရသည်။ သို့သော် ၁၈၀၀ ခုနှစ်များတွင် သိပ္ပံပညာသည် စုံစမ်းစမ်းသပ်မှုနယ်ပယ်တစ်ခုအပေါ် အာရုံစိုက်ထားသည့် စုစည်းထားသော၊ စနစ်ကျသော၊ အာရုံစူးစိုက်မှုရှိသော အသိပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ကြောင့်၊ Hodge သည် သမိုင်း၊ ပထဝီဝင်ပညာဆိုင်ရာကဲ့သို့သော သူ၏ခေတ်ရှိ သိပ္ပံပညာရပ်များကို ရည်ညွှန်းခြင်းဖြင့် သူ၏စနစ်တကျဓမ္မပညာကို ဖွင့်ဆိုခဲ့သည်။ ၎င်းအရာများကို ယနေ့ခေတ်၌သိပ္ပံပညာအဖြစ် မယူဆသော်လည်း၊ သူ့ခေတ်တွင်သိပ္ပံပညာများဖြစ်သည်။ ထို့အပြင် သူ့ခေတ်ရှိ သိပ္ပံပညာနှင့် သိပ္ပံနည်းကျ ပညာရပ်များသည် သူ့မတိုင်မီ ရာစုနှစ်များတွင် အလွန်အောင်မြင်ခဲ့ပြီး ၎င်းကို အသိပညာရရှိရန် နည်းလမ်းတစ်ခုအဖြစ် အလွန်အထင်ကြီးတန်ဖိုးထားခဲ့ကြသည်။ ၎င်းအပြင်၊ သူ့အနေဖြင့် ဓမ္မပညာသည် အချက်အလက်အဖွဲ့အစည်းဖြစ်ကြောင်း၊ အချက်အလက် စုဆောင်းခြင်းသက်သက်မျှသာ မဟုတ်ကြောင်း အလေးပေးဖော်ပြလိုသည်။ နက္ခတ္တဗေဒပညာကဲ့သို့ပင်၊ နက္ခတ္တဗေဒပညာရှင်တစ်ဦးသည် ကောင်းကင်ကြယ်သဏ္ဍာန်များကို ကြည့်ရှုရုံမျှသာမဟုတ်၊ ၎င်းတို့နှင့်ပတ်သက်သော အချက်အလက်များကို စာရင်းပြုစုပါသည်။ သူ သို့မဟုတ် သူမသည် ထိုအချက်အလက်များကို လွယ်ကူရှင်းလင်းသောစနစ်တစ်ခုအဖြစ် စုစည်းရန် ကြိုးစားနေပြီး၊ ၎င်းသည် နက္ခတ္တဗေဒဖြစ်သည်။ ဓမ္မပညာတွင်၊ ဓမ္မပညာရှင်သည် သမ္မာကျမ်းစာ၏ အချက်အလက်များသက်သက်မျှသာမဟုတ်၊ ထိုသမ္မာကျမ်းစာ၏ အချက်အလက်များကိုယူ၍ စနစ်တစ်ခုအဖြစ် စုစည်းထားသည်။ သို့မှသာ ထိုအချက်အားလုံး၏ အပြန်အလှန်ဆက်နွယ်မှုကို တန်ဖိုးထားနိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ဒေါက်တာ Larry Trotter**

Hodge အတွက်၊ ဓမ္မပညာရှင်၏လုပ်ငန်းတာဝန်မှာ သိပ္ပံပညာရှင်တစ်ဦးသည် သဘာဝတရားအားချဉ်းကပ်သကဲ့သို့ သမ္မာကျမ်းစာကို ချဉ်းကပ်ရန်ဖြစ်သည်။ သူဆိုလိုသည်မှာ သမ္မာကျမ်းစာ၏ အချက်အလက်များကို စုဆောင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်ပြီး စီစဉ်စုစည်းရန်ဖြစ်သည်။ Hodge သည် ဓမ္မပညာကို ခရစ်ယာန်အသက်တာတွင် ကျင့်သုံးသင့်သည်ဟုလည်း ယုံကြည်ခဲ့သည်။ သို့သော် Hodge သည် Aquinas ကဲ့သို့ ၎င်းကိုဓမ္မပညာ၏အဓိကအာရုံစိုက်မှုအဖြစ် မမြင်ခဲ့ပေ။ ၎င်းအစား၊ သူသည် ကျင့်သုံးခြင်းဆိုင်ရာကို ဓမ္မအမှုဆောင်များနှင့် သင်းအုပ်ဆရာများလက်၌လည်းကောင်း၊ ဓမ္မပညာ၏ အမှန်တကယ်လုပ်ငန်းကို ပညာရပ်ဆိုင်ရာများနှင့် ပညာရှင်များအတွက်လည်းကောင်း အဓိကကန့်သတ်ထားလိုခဲ့သည်။

ဓမ္မပညာကို သိပ္ပံပညာတစ်ခုအဖြစ် ဖော်ပြသည့်အပြင်၊ Hodge သည် ဓမ္မပညာတွင် အဓိကအကြောင်းအရာနှစ်ခုရှိကြောင်း အခိုင်အမာဆိုခဲ့သည်– ပထမ၊ “ဘုရားသခင်၏သဘောသဘာဝ” နှင့် ဒုတိယ၊ “ကိုယ်တော်နှင့်ကျွန်ုပ်တို့၏ဆက်ဆံရေး”တို့ဖြစ်သည်။ ဓမ္မပညာ၏ ဤနှစ်ပိုင်းခွဲခြားထားမှုသည် Aquinas ၏ ခမည်းတော်ဘုရားအကြောင်းဓမ္မပညာနှင့် ဓမ္မပညာအချုပ်အကြား ခြားနားချက်နှင့် ဆင်တူသည်။

Aquinas နှင့် Hodge ရှိ ဓမ္မပညာ၏ ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို တွေ့မြင်ရပြီးနောက်၊ တတိယရှုထောင့်ကိုလေ့လာရန် အထောက်အကူဖြစ်ပါလိမ့်မည်။ ၁၅၇၆ ခုနှစ်မှ ၁၆၃၃ ခုနှစ်အထိ နေထိုင်ခဲ့သော ဩဇာကြီးမားသော ပူရီတန်တစ်ဦးဖြစ်သည့် William Ames သည် ဓမ္မပညာ၏လုပ်ငန်းတာဝန်ကို ထူးခြားကွဲပြားသောပုံစံဖြင့် ပုံဖော်ခဲ့သည်။

## William Ames

သူ၏စာအုပ် The *Marrow of Theology* အဖွင့်အပိုင်းတွင်၊ Ames ရေးသားသည့် ဓမ္မပညာ အဓိကအာရုံစိုက်သင့်သည်မှာ_

> အယူဝါဒ သို့မဟုတ် ဘုရားသခင်ထံတော်၌အသက်ရှင်ခြင်း၏ သွန်သင်ချက်အကြောင်းဖြစ်သည်။

ယခု၊ Ames ၏ရေးသားချက်များမှ သူ၏အမြင်များသည် ဓမ္မပညာနှင့်ပတ်သက်၍ အစဉ်အလာအမြင်များကို ထင်ဟပ်နေကြောင်း တွေ့မြင်ရသည်။ ဤနေရာတွင် သူဖော်ပြသကဲ့သို့၊ ဓမ္မပညာသည် “အယူဝါဒ သို့မဟုတ် သွန်သင်ချက်”—အတွေးအခေါ်အယူအဆများကို ရှာဖွေမှုပညာ ဖြစ်သည်။ သို့သော်သူသည် ဓမ္မပညာကို “သိပ္ပံပညာ” အဖြစ် မရည်ညွှန်းကြောင်းသတိပြုရန် အရေးကြီးသည်။ ၎င်းအစား၊ သူသည် Aquinas နှင့် Hodge အကြံပြုထားသော အခြားပညာရေးဆိုင်ရာနည်းလမ်းများနှင့် နီးကပ်စွာဆက်နွယ်မှုကို အလေးပေးဖော်ပြခဲ့သည်။ သူသည် ဓမ္မပညာ၏ရိုးတွင်းခြင်ဆီ—ဓမ္မပညာ၏ အဓိကအာရုံစိုက်မှုသည်—“ဘုရားသခင်ထံတော်၌အသက်ရှင်ခြင်း” အဖြစ် ခွဲခြားဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ္ဒါမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

Aquinas နှင့် Hodge တို့သည် အချက်အလက်များနှင့် အတွေးအခေါ်အယူအဆများစုစည်းမှုအဖြစ် ဓမ္မပညာအပေါ် အတိုင်းအတာတစ်ခုအထိ အာရုံစိုက်ခဲ့သည်။ သို့သော် Ames အတွက်၊ ဓမ္မပညာဆိုင်ရာ ကြိုးပမ်းမှုအားလုံး၏ရည်မှန်းချက်ပန်းတိုင်သည် ဘုရားသခင်အား မည်သို့အမှုဆောင်ရမည်နှင့် ပတ်သက်သည်။ ဓမ္မပညာကိုအဓိကအားဖြင့် ဉာဏ်ပညာ၊ ဖြစ်ရပ်မှန်ရှာဖွေမှုတွင် ကန့်သတ်ထားမည့်အစား၊ Ames သည် အတွေ့အကြုံဆိုင်ရာ—သို့မဟုတ် ပူရီတန်များခေါ်သည့် "စမ်းသပ်လေ့လာမှု"—ဓမ္မပညာကိုလမ်းညွှန်မှုအဖြစ် မြင်ခဲ့သည်။ Ames ၏အမြင်တွင်၊ ဓမ္မပညာ၏ အထင်ရှားဆုံးရှုထောင့်မှာ ဘုရားသခင်ရှေ့တော်၌ ယုံကြည်သူအသက်တာ၏ စုံလင်သောအတိုင်းအတာကို အာရုံစိုက်ခြင်းဖြစ်သည်။

Aquinas၊ Hodge နှင့် Ames တို့၏အမြင်များကို စိတ်စွဲမှတ်ထားကာ၊ ခေတ်ပြိုင်ဓမ္မပညာရှင် John Frame မှပေးသော စတုတ္ထမြောက်ပုံမှန်အဓိပ္ပါယ်ကို သုံးသပ်ကြည့်ကြပါစို့။

## John Frame

သူ၏စာအုပ် *The Doctrine of the Knowledge of God* ၏ အခန်း ၃ တွင်၊ Frame သည် ဓမ္မပညာကို အောက်ပါအတိုင်း သတ်မှတ်ဖော်ပြခဲ့သည်_

> ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူ့ဘဝ၏ကဏ္ဍအားလုံးတွင် ကျင့်သုံးခြင်း။

ယခုအခါ ဓမ္မပညာသည် ခရစ်ယာန်သွန်သင်ခြင်း သို့မဟုတ် အယူဝါဒဆိုင်ရာဉာဏ်ပညာ ရှာဖွေမှုတွင် ပါဝင်ကြောင်း Frame အတည်ပြုခဲ့သည်။ သို့သော် ဓမ္မပညာသည် "ဘဝ၏ကဏ္ဍများအားလုံး" အတွက် ဘုရားသခင့်နှုတ်ကပါတ်တော်၏ "ကျင့်သုံးခြင်းဆိုင်ရာ" ဖြစ်ကြောင်း Frame အလေးပေးဖော်ပြခဲ့သည်။

Frame အတွက်၊ ဓမ္မပညာသည် သမားရိုးကျအစဉ်အလာ၊ ပညာရပ်ဆိုင်ရာကိစ္စရပ်များကို စဉ်းစားတွေးတော ခြင်းမျှသာ မဟုတ်ပါ။ ၎င်းအစား၊ Ames ကဲ့သို့ပင် Frame သည် ဓမ္မပညာကို ကျင့်သုံးခြင်းအဖြစ် ရှုမြင်သည်။ သမ္မာကျမ်းစာကို အသက်တာတွင် လက်တွေ့ကျင့်သုံးခြင်းသည် ခရစ်ယာန်ဓမ္မပညာဆိုင်ရာလုပ်ငန်းအားလုံး၏ အဓိကအချက်ဖြစ်သည်။

> ဓမ္မပညာသည် အမှန်တကယ်တွင် မတူညီသော လမ်းကြောင်းနှစ်ခုသို့ သွားနိုင်သည်။ ၎င်းသည် တရားဝင်နှင့်အရေးကြီးသောအရာတစ်ခုဖြစ်သော ပညာရပ်ဆိုင်ရာရှာဖွေမှုလမ်းကြောင်းသို့ သွားနိုင်သည်။ ၎င်းသည် ဘဝအတွက်ကျင့်သုံးခြင်း၏ ဦးတည်ရာသို့သွားနိုင်သည်။ စိတ်ဝင်စားဖို့ကောင်းသည်မှာ လူများသည် ၎င်းတို့ကိုရွေးချယ်ပြီး အချင်းချင်းဆန့်ကျင်ကြသည်။ အသင်းတော်အတွင်း အသက်တာအတွက် ကျင့်သုံးခြင်းအပေါ် မှန်ကန်စွာ အလေးပေးမှုရှိသောကြောင့်၊ အချက်အလက်မျှသာမဟုတ်ဘဲ သင့်ဘဝနှင့် မည်သို့သက်ဆိုင်သည်ကို ကျွန်ုပ်တို့ သိလိုပါသည်။ ၎င်းသည် ကောင်းမွန်ပြီး၊ တရားဝင်ကာ နောက်ဆုံးတွင် ဤဓမ္မ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပညာ၏ မှန်ကန်သောအဆုံးဖြစ်သည်— ဘုရားသခင်ကို ကျွန်ုပ်တို့မည်သို့ နှစ်သက်မြတ်နိုးပုံ၊ ကိုယ်တော်ကို ကျွန်ုပ်တို့ကိုးကွယ်ပုံ၊ ကျွန်ုပ်တို့ ဤလောက၌ ကိုယ်တော်ကိုနာခံပုံ တို့ဖြစ်သည်။ ၎င်းကို အလေးပေးသောအခါ "ပညာရပ်ဆိုင်ရာ ဓမ္မပညာသည်အဘယ်ကြောင့် ကျွန်ုပ်တို့အတွက် အရေးကြီးသနည်း"ဟု ပြောနိုင်ပါသည်။ သို့သော် အမှန်တကယ်တွင်၊ ၎င်းသည် ကျွန်ုပ်တို့ကို ရိုးသားစေရန် ကူညီပေးနိုင်သောကြောင့် အရေးပါသည်။ အမှန်မှာ၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုယူ၍ ၎င်းတို့အား ကြိုးစားကျင့်သုံးပြီး၊ "ဤသည်မှာ ဓမ္မပညာဖြစ်သည်၊ ၎င်းသည် သင့်ဘဝနှင့် မည်သို့သက်ဆိုင်သည်" ဟူ၍ ပြောနိုင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့တွင်မှားယွင်းသောဓမ္မပညာရှိနေပါက မည်သို့နည်း။ အကယ်၍ ကျွန်ုပ်တို့သည် သမိုင်းကြောင်းအရ၊ သမ္မာကျမ်းစာအရ၊ ဘာသာဗေဒအရ မမှန်သောအရာများကို ပြောနေလျှင်မည်သို့နည်း။ ထို့ကြောင့် ပညာရေးဆိုင်ရာသည် စိတ်ကူးယဉ်ဆန်သည့် နည်းလမ်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။ ၎င်းသည် ဓမ္မပညာကိုကျင့်ရန် တရားဝင်နည်းလမ်းတစ်ခု ဖြစ်သည်။ တခါတရံ ဓမ္မပညာရှင်များပြောကြသည့်အတိုင်း ကောင်းသောဓမ္မပညာသည် လူအများဆိုင်ရာဓမ္မပညာဖြစ်သည်။ ဝေဖန်မှုများအတွက် ဖွင့်ထားသည်။ တုံ့ပြန်ချက်များအတွက် ဖွင့်ထားသောကြောင့်၊ ကျွန်ုပ်တို့သည် ရုပ်တုကိုမကိုးကွယ်ဘဲ အသက်ရှင်သောဘုရားသခင်ကို ကိုးကွယ်ခြင်းဖြစ်ကြောင်း သေချာစေလိုပါက၊ ထိုကောင်းသော ဓမ္မပညာသည် ကျွန်ုပ်တို့၏ဘဝကို ပုံသွင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည် ကျင့်သုံးခြင်းနှင့်ပတ်သက်ပြီး၊ ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များ တိကျရန်နှင့် ဂရုတစိုက်ရှိရန် သင့်လျော်ပါသည်။
>
> **ဒေါက်တာ Kelly M. Kapic**

ကျွန်ုပ်တို့ မြင်ခဲ့သည့်အတိုင်း၊ ဤဓမ္မပညာ၏ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ဆင်တူသည်။ သို့သော် ၎င်းတို့သည် ခမ်းနားသောဓမ္မပညာနယ်ပယ်တွင် ကွဲပြားခြားနားသောအလေးပေးမှု သို့မဟုတ် သဘောထားနှစ်ခုကိုလည်း ထင်ဟပ်ပြသည်။

## သဘောထားများ

ဤသဘောထားများကို ဖော်ထုတ်ရန်၊ ကျွန်ုပ်တို့သည် ဓမ္မပညာဆိုင်ရာပညာရပ်လမ်းညွှန်မှုကို ဦးစွာလေ့လာမည်။ ထို့နောက် အချို့သောဓမ္မပညာရှင်တို့သည် ၎င်းတို့၏ နည်းလမ်းကိုလိုက်နာခံယူသော ဘဝလမ်းညွှန်မှုအကြောင်းကို လေ့လာပါမည်။ ပညာရပ်ဆိုင်ရာလမ်းညွှန်မှုဖြင့် စတင်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ပညာရပ်ဆိုင်ရာလမ်းညွှန်မှု

တစ်ဖက်တွင်၊ Aquinas နှင့် Hodge သည် ဓမ္မပညာဆိုင်ရာ ပညာရပ်လမ်းညွှန်မှုကို ကိုယ်စားပြုသည်။ သူတို့၏အမြင်များသည် ခရစ်ယာန်ဓမ္မပညာရှင်အများစု၏ အမြင်များကို ထင်ဟပ်စေသည်။ ၎င်းတို့သည် စကားလုံးဇစ်မြစ်ဆိုင်ရာဗေဒ သို့မဟုတ် ဘာသာဗေဒနောက်ခံနှင့်ကိုက်ညီသောနည်းလမ်းများဖြင့် ဓမ္မပညာကို ရိုးရှင်းသောအသုံးအနှုန်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ "ဓမ္မပညာ" သည် ဂရိစကားလုံးနှစ်လုံးမှ ဆင်းသက်လာသည်- *theos* ($\theta\varepsilon\acute{o}\varsigma$) အဓိပ္ပါယ်မှာ "ဘုရားသခင်" နှင့် *logos* ($\lambda\acute{o}\gamma o\varsigma$) "အယူဝါဒ သို့မဟုတ် လေ့လာမှု" ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့်၊ ဓမ္မပညာသည် "အယူဝါဒ သို့မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာခြင်း" ဖြစ်သည်ဟု စကားလုံးဇစ်မြစ်ဆိုင်ရာဗေဒ ဖော်ပြသည်။ ဓမ္မပညာနှင့်ပတ်သက်သော ဤပညာရပ်ဆိုင်ရာနားလည်သဘောပေါက်မှုသည် အတိတ်နှင့် ယနေ့ခေတ်နှစ်ခုစလုံးတွင် ခမ်းနားသောဓမ္မပညာဆိုင်ရာလုပ်ငန်းများ၏ထူးခြားချက်ကို ဖော်ပြသည်။

အမှန်ဆိုရလျှင် ဘုရားသခင်အကြောင်းနှင့် ဘုရားသခင်နှင့်စပ်လျဉ်းသည့် အခြားအကြောင်းအရာများကို လေ့လာရုံမျှဖြင့် အဆုံးသတ်သင့်သည်ဟု ပြောဆိုမည့်ရိုးသားသည့် ခရစ်ယာန်ဓမ္မပညာရှင်တစ်ဦးမျှ မရှိနိုင်ပါ။ ဘဝတွင် ဓမ္မပညာကိုတစ်နည်းမဟုတ်တစ်နည်းဖြင့် ကျင့်သုံးရမည်ဟု သစ္စာရှိခရစ်ယာန်များသည် အခိုင်အမာဆိုကြသည်။ သို့သော် ဤလွှမ်းမိုးမှုရှိသော၊ အစဉ်အလာအမြင်တွင်၊ ကျင့်သုံးခြင်းကို ယုံကြည်သူများ၏နေ့စဉ်ဘဝအသက်တာအတွက် အခြေခံအဖြစ်မမြင်ပါ။ ၎င်းသည် "လက်တွေ့ဓမ္မပညာ" ဟု မကြာခဏ ခေါ်ဝေါ်လေ့ရှိသည့် သာမညလုပ်ငန်း— ဓမ္မပညာဆိုင်ရာပညာရပ်ပြဿနာများကို ဖြေရှင်းပြီးနောက်၊ ကျွန်ုပ်တို့လုပ်ဆောင်သည့် ပညာရှင်ဆိုင်ရာလုပ်ငန်းတစ်ခုဖြစ်သည်။ ရလဒ်အနေဖြင့် ဓမ္မပညာကို သာမန်လူနေမှုဘဝအတွက် အလွန်စိုးရိမ်စရာမလိုဘဲ လုပ်ဆောင်နိုင်သည်။ ၎င်းသည် မည်သည့်အဆင့်အထိမဆိုပါဝင်နိုင်သည့် အနည်းငယ်မျှသောပညာရပ်ဆိုင်ရာထူးချွန်သူတို့အတွက် နယ်ပယ်တစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ထို့ပြင် ဉာဏ်ပညာဆိုင်ရာကျွမ်းကျင်ခြင်း ယဉ်ကျေးမှုတစ်မျိုးသည် ဓမ္မပညာတွင် ဖြစ်ထွန်းလာသည်။

ယခုအခါ အခြားတစ်ဖက်တွင်၊ ဓမ္မပညာကို ပညာရပ်ဆိုင်ရာလမ်းညွှန်မှုတစ်ခုအဖြစ် ခံယူလိုခြင်းထက်၊ အချို့သောဓမ္မပညာရှင်တို့သည် ဘဝလမ်းညွှန်မှုအနေဖြင့် ဓမ္မပညာကို ချဉ်းကပ်ကြသည်။

## ဘဝလမ်းညွှန်မှု

Ames နှင့် Frame သည် ဘဝ၏လက်တွေ့ကျမှုများတွင် ဓမ္မပညာကိုကျင့်သုံးခြင်းသည် သာမညလုပ်ငန်းတာဝန်မဟုတ်သည့် အရေးကြီးသော လူနည်းစုအမြင်ကို ကိုယ်စားပြုသည်။ ၎င်းသည် ခရစ်ယာန်ယုံကြည်ခြင်း၌ ဓမ္မပညာဆိုင်ရာ ထင်မြင်ယူဆချက်၏ အနှစ်သာရဖြစ်သည်။

အမှန်ဆိုရလျှင်၊ ရာစုနှစ်များတစ်လျှောက်တွင် ယုံကြည်သူတစ်ဦးအနေဖြင့် ကျယ်ပြန့်သောလူနေမှုအဆင့်အတန်းနှင့် နှိုင်းယှဉ်၍မရနိုင်အောင် ဆက်စပ်နေသည်ဟု ဓမ္မပညာအပေါ်ယူမှတ်ခဲ့ကြသည့် ဓမ္မပညာရှင်များ ရှိခဲ့ကြသည်။ သို့သော် ရှေးယခင်က၊ ထိပ်တန်းဓမ္မပညာရှင် အနည်းငယ်မျှသာ ဤအမြင်ကိုလက်ခံခဲ့ကြသည်။ မကြာသေးမီဆယ်စုနှစ်များအတွင်း၊ ဓမ္မပညာသည် ဉာဏ်ပညာကိစ္စများနှင့်သာ သက်ဆိုင်သည်ဟူသော အယူအဆကို ခရစ်ယာန်ဓမ္မပညာရှင်များသည် ပို၍ငြင်းပယ်လာကြသည်။

ဓမ္မပညာသည် ခရစ်ယာန်အသက်တာအတွက် ပညာရပ်ဆိုင်ရာ သို့မဟုတ် အယူအဆဆိုင်ရာ အခြေခံဖြစ်သော်လည်း၊ ခရစ်တော်အတွက် အသက်ရှင်ခြင်းနှင့်ပတ်သက်၍ လေးလေးနက်နက်နှင့် မရှိမဖြစ်လိုအပ်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း သူတို့ငြင်းခုံကြသည်။

ဓမ္မပညာရှင်များသည် သမ္မာကျမ်းစာကို သေချာစွာ ဂရုတစိုက်ဆင်ခြင်သုံးသပ်ခဲ့ကြသည်နှင့်အမျှ၊ ခရစ်တော်ကို ချစ်ခြင်း၊ ဆည်းကပ်ဝတ်ပြုခြင်းနှင့် အမှုတော်ဆောင်ခြင်းစသည့်အရာတို့ကို တွေးတောရုံမျှမဟုတ်ဘဲ ကျွန်ုပ်တို့၏ဘဝကဏ္ဍအားလုံးနှင့်သက်ဆိုင်ကြောင်း ပိုမိုရှင်းလင်းစွာ သိရှိလာကြသည်။ မကြာသေးမီ ဆယ်စုနှစ်များအတွင်း ဤကျမ်းစာသွန်သင်ချက်သည် ပို၍သိသာထင်ရှားလာခဲ့သည်။ အကြောင်းမှာ လေ့လာမှုနယ်ပယ်တိုင်းနီးပါးမှ ပညာရှင်များသည် ၎င်းတို့၏ပညာရေးနယ်ပယ်များအပေါ် ဘဝအတွေ့အကြုံများသက်ရောက်မှုမည်မျှရှိကြောင်း စတင်အသိအမှတ်ပြုလာကြသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ် ရှိ ထူးချွန်ထက်မြက်ဆုံးသော ပညာရှင်များပင်လျှင် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဘဝအတွေ့အကြုံများ၏ လွှမ်းမိုးမှုမှ မလွတ်ကင်းနိုင်ပေ။ ဓမ္မပညာနှင့်ပတ်သက်လာလျှင်လည်း အလားတူပင်ဖြစ်သည်။ ယနေ့ခေတ် ဉာဏ်ပညာများ၏ လူသားဆန်မှုနှင့် ၎င်းတို့၏ ကိုယ်ပိုင်ဘဝများသည် ၎င်းတို့၏ဉာဏ်ပညာဆိုင်ရာ ရှာဖွေမှုများကို နက်နက်ရှိုင်းရှိုင်း လွှမ်းမိုးနိုင်ပုံကို ကျွန်ုပ်တို့အား အစဉ်သတိပေးနေပါသည်။

ဥပမာအားဖြင့်၊ တစ်ချိန်က ဘဝရည်မှန်းချက်အဖြစ်ယူဆခဲ့ကြသော သိပ္ပံပညာရှင်များနှင့် ဆေးပညာရှင်များကို ယခုအခါ သာမန်လူများအဖြစ် မြင်လာကြသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်အနည်းငယ်ကပင် မစဉ်းစားနိုင်သော နည်းလမ်းများဖြင့် ၎င်းတို့၏ထင်မြင်ယူဆချက်များကို ကျွန်ုပ်တို့ ပုံမှန်မေးခွန်းထုတ်ကြသည်။ အလားတူပင်၊ မည်မျှပင်ထက်မြက်သော ဓမ္မပညာရှင်များဖြစ်ပါစေ၊ ၎င်းတို့သည် လူသားများသာဖြစ်ကြောင်းကို ယခုအခါ အသင်းတော်သည်ပိုမိုရှင်းလင်းစွာ အသိအမှတ်ပြုသည်။ အချက်အလက်များကို တိကျမှန်ကန်စွာ လေ့လာသူများဟုဆိုကြသော်လည်း၊ ၎င်းတို့၏ အမြင်များသည် ၎င်းတို့၏ ဘဝအတွေ့အကြုံများကြောင့် နက်ရှိုင်းစွာ သက်ရောက်မှုရှိသည်။ ရလဒ်အနေဖြင့် ယနေ့ခေတ် ဓမ္မပညာနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာချဉ်းကပ်မှုသက်သက်သည် တန်ဖိုးကျဆင်းပြီး၊ ကျင့်သုံးခြင်းလိုအပ်ချက်ကို ယခင်ကထက်များစွာ ပိုမိုရှင်းလင်းစွာ မြင်တွေ့လာရသည်။

ယခုအချိန်အထိ၊ ကျွန်ုပ်တို့သည် ဓမ္မပညာ၏ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်လေးခုနှင့် ၎င်းတို့ကိုယ်စားပြုသည့် အရေးကြီးသော သဘောထားနှစ်ခုကို ထိတွေ့မိပြီဖြစ်ပါသည်။ ယခု ကျွန်ုပ်တို့သည် နောက်ပြန်ဆုတ်ကာ ဤသဘောထားများအားအကဲဖြတ်ချက်အချို့ကို လေ့လာသင့်သည်။

## အကဲဖြတ်ချက်များ

"ကျွန်ုပ်တို့၏ အကြီးမားဆုံးသောခွန်အားသည် ကျွန်ုပ်တို့၏ အကြီးမားဆုံးသောအားနည်းချက်ဖြစ်နိုင်သည်" ဟူသော ဆိုရိုးစကားကို ကြားဖူးပေလိမ့်မည်။ ထို့ပြင် ၎င်းသည်မည်သည်ကို ဆိုလိုကြောင်း ကျွန်ုပ်တို့အားလုံးသိသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်များ၊ ကျွန်ုပ်တို့၏သဘောထားများနှင့် ကျွန်ုပ်တို့၏ လုပ်ရပ်များသည် ကျွန်ုပ်တို့အတွက် အလွန်တန်ဖိုးရှိသော်လည်း ကျွန်ုပ်တို့သတိမထားပါက၊ ၎င်းတို့သည် ကျွန်ုပ်တို့ကို ထိခိုက်စေနိုင်သည်။ နည်းလမ်းများစွာတွင်၊ ဓမ္မပညာနှင့် ဘဝလမ်းညွှန်မှုနှစ်ခုစလုံးသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း ၎င်းတို့တွင် အန္တရာယ်ဖြစ်စေနိုင်သော အလားအလာများလည်းရှိသည်။ ဤအကြောင်းကြောင့် ဤဓမ္မပညာဆိုင်ရာ လမ်းညွှန်မှုနှစ်ခုလုံးကို အကဲဖြတ်ရန် အချိန်အနည်းငယ်ယူသင့်သည်။

ကျွန်ုပ်တို့သည် အကဲဖြတ်ချက်များပြုလုပ်သည့်အခါ၊ ဓမ္မပညာ၏နည်းလမ်းရှိ ပညာရပ်ဆိုင်ရာ လမ်းညွှန်မှုနှင့် ဘဝလမ်းညွှန်မှုနှစ်ခုစလုံး၏ အားသာချက်များနှင့် အားနည်းချက်များကို ကြည့်ရှုမည်ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာလမ်းညွှန်မှုဖြင့် စတင်ကြပါစို့။

## ပညာရပ်ဆိုင်ရာလမ်းညွှန်မှု

ဓမ္မပညာနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာချဉ်းကပ်မှုများ၏ အကြီးမားဆုံးအားသာချက် သို့မဟုတ် ခွန်အားမှာ ၎င်းတို့သည်လူသားများအတွက် ဘုရားသခင်၏ အံ့ဖွယ်အကောင်းဆုံးလက်ဆောင်များထဲမှတစ်ခုကို အလေးပေးဖော်ပြခြင်းဖြစ်သည်_ ကျွန်ုပ်တို့၏ဆင်ခြင်တုံတရားဆိုင်ရာစွမ်းရည်များ။ ဘုရားသခင်သည် လူသားများအား ဉာဏ်ပညာစွမ်းရည်များကို ပေးသနားထားပြီး၊ ဓမ္မပညာရှင်များသည် ထိုစွမ်းရည်များကိုအသုံးချကာ ဓမ္မပညာဆိုင်ရာသမ္မာတရားများကိုလိုက်နာရန် ကိုယ်တော်မျှော်လင့်တော်မူသည်။

သမ္မာကျမ်းစာတစ်အုပ်လုံးတွင်၊ ပညာရှိများသည် ဘုရားသခင်ကိုအမှုဆောင်ရာတွင် ၎င်းတို့၏ ဉာဏ်ပညာစွမ်းရည်ကို အသုံးပြုခြင်းအတွက် ချီးမွမ်းခြင်းခံကြသည်။ ပညာရှိခြင်းသည် မှန်ကန်သော အရာကို ဆင်ခြင်သုံးသပ်ပြီး ထိုဆင်ခြင်တုံတရားဆိုင်ရာစုံစမ်းမှုများမှ ညီညွတ်သောယုံကြည်ချက်များကို ပုံဖော်ရန်ဖြစ်ကြောင်း သမ္မာကျမ်းစာဖော်ပြသည်။ ဥပမာ၊ ရှောလမုန်သည် ကိစ္စရပ်များကို တွေးတောဆင်ခြင်နိုင်စွမ်းကိုကျင့်သုံးသောကြောင့် ပညာရှိဟု ယူမှတ်ခံခဲ့ရသည်။ ၃ ဓမ္မရာဇဝင် ၄:၂၉-၃၁ တွင် ရှောလမုန်အား ချီးမြှောက်ခြင်းကို နားထောင်ပါ_

> **ဘုရားသခင်သည် များစွာသောဉာဏ်ပညာကိုင၎်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသောနှလုံးကိုင၎်း ပေးတော်မူသည်ဖြစ်၍…လူအပေါင်းတို့ထက်သာ၍ ပညာရှိသဖြင့်၊ ခပ်သိမ်းသောတိုင်းနိုင်ငံအရပ်ရပ်၌ ကျော်စောလေ၏ (၃ ဓမ္မရာဇဝင် ၄:၂၉-၃၁)။**

အလားတူ၊ သမ္မာကျမ်းစာပါ ဉာဏ်ပညာစာပေများသည် သစ္စာရှိယုံကြည်သူများအား ၎င်းတို့၏ ဆင်ခြင်တုံတရားစွမ်းရည်ကိုမြှင့်တင်ရန်နှင့် အသုံးပြုရန် ထပ်ခါတလဲလဲ တောင်းဆိုထားသည်။

> ယေဘုယျအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား နည်းလမ်းများစွာဖြင့် မိမိကိုယ်ကိုကြင်နာစွာထုတ်ဖော်ပြသသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သူမည်သူဖြစ်ကြောင်း၊ ကျွန်ုပ်တို့ထံမှ မည်သည့်အရာကိုလိုချင်ကြောင်း အမှန်တကယ် နားလည်နိုင်သည်။ ၎င်းသည် လူများက ကျွန်ုပ်တို့အား ဟောပြောခြင်းအားဖြင့်လည်းကောင်း၊ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းဖြင့်လည်းကောင်း ဖြစ်နိုင်သည်။ ၎င်းသည် ခရစ်ယာန်ယုံကြည်ချက်ကို နားလည်ရန် ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဉာဏ်ပညာစွမ်းရည်ကို အသုံးပြုဖို့ မလိုအပ်ဟုမဆိုလိုပါ။ ယခု ရှင်ပေါလုကို ကြည့်လျှင် တမန်တော် ၁၇ တွင် အတွေးအခေါ်ပညာရှင်များနှင့် တွေ့ဆုံသော အခါ၊ သူယုံကြည်သောအရာကို ထိုသူတို့ယုံကြည်လက်ခံနိုင်စေရန် သူ၏ဉာဏ်ပညာစွမ်းရည်ကို အမှန်တကယ်အသုံးပြုခဲ့ပြီး၊ ၎င်းအားဖြင့် သခင်ဘုရားထံတော်သို့ လူအချို့ကို အနိုင်ယူနိုင်ခဲ့သည်။ ခရစ်ယာန်ယုံကြည်ခြင်းကို နားလည်ရန် ကျွန်ုပ်တို့၏ဉာဏ်ပညာစွမ်းရည်များကို အမှန်တကယ်အသုံးပြုရန် လိုအပ်သည်ဟု ထင်ပါသည်။ သို့မှသာ ဘုရားသခင်နှင့် ကိုယ်တော်နှင့်ပတ်သက်သော ကိုယ်တော်ဖော်ပြသောအရာကို ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်သည်။ သို့မှသာ ကိုယ်တော်နှင့် အဓိပ္ပာယ်ပြည့်ဝသောဆက်ဆံရေးရှိနိုင်မည်ဖြစ်သည်။ နံပါတ်နှစ်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်း မေးသောအခါ၊ အတွေးအခေါ်ပညာရှင်ဖြစ်စေ၊ မည်သို့သောပုဂ္ဂိုလ်ပင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ခရစ်ယာန်ယုံကြည်ချက်အား ပေါလုကဲ့သို့ ထိုသူကိုရှင်းပြရန် ကျွန်ုပ်တို့သည် ကောင်းမွန်သည့်အနေအထားတွင် ရှိနေမည်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ ခရစ်ယာန်ယုံကြည်ချက်ကို နားလည်နိုင်ရန်၊ ကျိုးကြောင်းဆင်ခြင်နိုင်ရန် ဘုရားသခင်ပေးထားသည့် ကျွန်တော်တို့၏ ဉာဏ်ပညာစွမ်းရည်များ သို့မဟုတ် ဆုကျေးဇူးကို အသုံးပြုရန် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးသည်ဟု ထင်ပါသည်။

**— Rev. Dr. Humphrey Akogyeram**

သမ္မာကျမ်းစာနှင့် ခရစ်ယာန်အယူဝါဒများကို နားလည်သဘောပေါက်ခြင်းအားဖြင့် အသင်းတော်နှင့် ယုံကြည်သူများ ကြီးထွားရန် ဓမ္မပညာကိုစနစ်တကျ သင်ယူခြင်းသည် အလွန်အရေးကြီးပါသည်။ အသင်းတော်သည် များသောအားဖြင့် ဤအကြောင်းအရာများကို မေ့လျော့လေ့ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လေ့လာနိုင်ကာအခြားသူများအား ပြန်လည်သွန်သင်ပေးနိုင်သူများနှင့် အခြားသူများထံ သတင်းစကားကို သယ်ဆောင်နိုင်စွမ်းရှိသော မျိုးဆက်တစ်ခုဖန်တီးနိုင်ရန်၊ သူတို့၏လေ့ကျင့်မှု၊ ဧဝံဂေလိတရား၊ အသင်းတော်နှင့်ဆက်ဆံရေး၊ အထူးသဖြင့်၊ အသင်းတော်နှင့် လူ့အဖွဲ့အစည်းကြားဆက်ဆံရေးအားဖြင့်လေ့ကျင့်ပေးရန်လိုအပ်သည်။

**— Rev. Azar Ajaj**

ပေတရုသည် ၂ ပေတရု ၃:၁၅-၁၆ တွင် ဉာဏ်ပညာဆိုင်ရာ ဆန်းပြားမှု၏အရေးကြီးမှုကို တမန်တော်ပေါလု၏ ဓမ္မပညာအပေါ်မှတ်ချက်ပေးသောအခါတွင် ပေတရုအသိအမှတ်ပြုခဲ့သည်။ သူမှတ်ချက်ပြုခဲ့သည်မှာ–

**ငါတို့ချစ်သောညီပေါလုသည်၊ မိမိခံရသောဉာဏ်ပညာအတိုင်း သင်တို့အားရေး၍ ပေးလိုက်သောစာ၌ငင်း၊...ထိုစာတို့၌ခက်ခဲသောအရာ အချို့ရှိ၏ (၂ ပေတရု ၃:၁၅-၁၆)။**

ကျွန်ုပ်တို့မြင်သည်အတိုင်း၊ အစဉ်အလာဓမ္မပညာ၏ ဉာဏ်ပညာ သို့မဟုတ် ပညာရပ်ဆိုင်ရာ အလေးပေးမှုသည် ကောင်းမွန်သောဓမ္မပညာ၏ သမ္မာကျမ်းစာအယူအဆကို မဆန့်ကျင်ပါ။ ဆန့်ကျင်ဘက်တွင်၊ တိကျသောတွေးခေါ်မှုသည် အစဉ်အလာဓမ္မပညာ၏ ကြီးမားသောခွန်အားတစ်ခုဖြစ်သည်။

သို့တိုင်၊ ဓမ္မပညာအဖို့ အတွက်ပညာရပ်လမ်းညွှန်မှုများအဖိုးတန်သကဲ့သို့၊ ကျွန်ုပ်တို့သည်ငင်းတို့၏ဖြစ်ပေါ်လာမည့် အန္တရာယ်များကို အမြဲသတိရှိရပါမည်။ မကြာခဏဆိုသလို၊ ဓမ္မပညာရှင်များသည် ဘုရားသခင်နှင့်ပတ်သက်သော အချက်အလက်များကို အံ့သြဖွယ်ကောင်းလောက်အောင် စုဆောင်း၊ ခွဲခြမ်းစိတ်ဖြာထားနိုင်သော်လည်း၊ ဘုရားသခင်ထံ၌ အမှုဆောင်ခြင်းအတွက် တူညီသောအလေးထားမှုကို မပေးနိုင်ကြပေ။ ရှုပ်ထွေးဆန်းပြားသော၊ ဆင်ခြင်တုံတရားဆိုင်ရာ ဓမ္မပညာပိုင်းခြားစိတ်ဖြာမှုသည် ကိုယ်တိုင်အဆုံးသတ်ဖြစ်သွားလေ့ရှိသည်။ ယေဘူယျအားဖြင့် ကျွန်ုပ်တို့သည် ဓမ္မပညာဆိုင်ရာ အကြောင်းအရာများအကြောင်း များစွာသိသောလူများအား "ဓမ္မပညာရှင်ကောင်းများ" ဟူ၍ သတ်မှတ်ကြသည်။ သို့သော် တစ်ခါတစ်ရံ ဓမ္မပညာရှင်ကောင်းများသည် လူကောင်းအမြဲတမ်းမဟုတ်ကြောင်း ကျွန်ုပ်တို့ဝန်ခံရမည်ဖြစ်သည်။

တစ်စုံတစ်ယောက်သည် ဓမ္မပညာရှင်ကောင်းဖြစ်နိုင်သော်လည်း လူကောင်းမဖြစ်နိုင်သည့် အချက်ကို ကျွန်ုပ်တို့ မည်သို့သိရှိနိုင်မည်နည်း။ ဓမ္မပညာအား ပညာရပ်ဆိုင်ရာလှုပ်ရှားမှုများသာ ပါဝင်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့် လုပ်ဆောင်သောအခါ၊ ကောင်းစွာလေ့လာခြင်း၊ ကောင်းစွာရေးသားခြင်းနှင့် မှန်သောအတွေးအခေါ်အယူအဆများကို သင်ကြားခြင်းဟု ဓမ္မပညာကိုယူဆသောအခါ ဖြစ်သည်။

> ဓမ္မပညာရှင်ကောင်းတစ်ဦးဖြစ်ရန် သို့မဟုတ် ဓမ္မပညာရှင်ကောင်းတစ်ဦးဟု ခေါ်ဆိုနိုင်သော်လည်း လူကောင်းတစ်ဦးဖြစ်ရန် မဖြစ်နိုင်။ အမှန်တကယ်၌၊ လူများသည် ကြီးကျယ်သည့်စာအုပ်များရေးကြ၊ တရားဒေသနာများ ဟောပြောကြ၊ အသင်းတော်၏ခေါင်းဆောင်များဖြစ်ကြပြီး သူတို့သည်တလျှောက်လုံး အမှန်တကယ်လူကောင်းများ မဟုတ်ကြသည်ကို သိလာရသည်။ အရမ်းများလွန်းသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဉာဏ်ထက်မြက်ပြီး သူတို့၏တွေးခေါ်မှုကိုအသေအချာလုပ်နိုင်သောသူကို ဓမ္မပညာရှင်ကောင်းတစ်ဦးအဖြစ် မကြာခဏသတ်မှတ်ပြီး၊ ထိုအတွေးအခေါ်သည် သူတို့၏ဘဝများကို သက်ရောက်မှုရှိမရှိကိုမူ ကျွန်ုပ်တို့ မစဉ်းစားခြင်းကြောင့် ဖြစ်သည်။ ငင်းသည် အလွန်ဆိုးရွားသောပြဿနာတစ်ခုဖြစ်သည်... သူတို့သည် သူတို့၏လုပ်ငန်းတာဝန်တွင်၊ သူတို့၏စွမ်းရည်တွင်၊ ကောင်းစွာလုပ်နိုင်သော်လည်း သူတို့အသက်ရှင်မှုပုံစံအရ အလွန်ဆိုးသောသူများ ဖြစ်နိုင်သည်။ ပြဿနာမှာ ငင်းကိုကျွန်ုပ်တို့သည် ကျေကျေနပ်နပ် လက်ခံတတ်ကြသည်။ ကျွန်ုပ်တို့သည် ထိုနည်းအတိုင်းသာ

ထားလိုပြီး၊ ကျွန်ုပ်တို့၏အတော်ဆုံးထက်မြက်သောဓမ္မဉာဏ်ပညာရှင်များကို မည်သည့်အခါမှ ၎င်းတို့၏ ကြီးမြတ်သောအတွေးအခေါ်များကို လက်တွေ့ဘဝ အဖြစ် ပြောင်းလဲရန် မတောင်းဆိုကြပါ။ ထို့ပြင် ၎င်းသည် ယေရှုခရစ်၏ အသင်းတော်နှင့် ကျွန်ုပ်တို့၏ခေါင်းဆောင်များကြားထဲတွင်ရှိသည့်အခါ ပြဿနာ ဖြစ်လာတတ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ပညာရပ်ဆန်ဆန် ဓမ္မပညာရှင် ကောင်းများကို မလိုအပ်ပါ။ ကျွန်ုပ်တို့သည် လူကောင်းများဖြစ်သည့် ခရစ်တော်၏နည်းလမ်းနှင့်အညီ မိမိတို့၏အသက်တာကို လိုက်လျောညီထွေဖြစ်စေသော ပညာရပ်ဆိုင်ရာ ဓမ္မပညာရှင်ကောင်းများသာ လိုအပ်ပါသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ဓမ္မပညာသည် ရိုးရိုးသာမန် အသိပညာဗဟုသုတကို ဦးစားပေးရုံမျှသာမဟုတ်ပါ။ ဓမ္မပညာသည် ကျွန်ုပ်တို့၏နှလုံးသားနှင့် ကျွန်ုပ်တို့၏အသက်တာနှစ်ခုစလုံးကို အမှန်တကယ်ပုံဖော်ပေးသည့် အသိပညာတစ်ခုဖြစ်သည်။ ထို့ကြောင့်၊ အကယ်၍ တစ်စုံတစ်ယောက်သည် အသိပညာရှိသော်လည်း၊ ၎င်းတို့တွင် သမ္မာကျမ်းစာ သို့မဟုတ် ဓမ္မပညာဆိုင်ရာ အသိပညာရှိသော်လည်း၊ ၎င်းသည် သူတို့၏ဘဝကို သက်ရောက်မှုမရှိလျှင်—ဆိုလိုသည်မှာ လူတို့ကို ဆက်ဆံပုံ၊ သူတို့အသက်ရှင်ပုံ၊ သူတို့၏ဘဝတွင် ဘုရားသခင်ကို အစေခံပုံ—၎င်းတို့တွင် ကောင်းမွန်သော ဓမ္မပညာမရှိပေ။ ၎င်းသည်ဓမ္မပညာ မဟုတ်ကြောင်းကို ကျွန်ုပ်ပြောချင်ပါသည်။ အကြောင်းမှာ ဓမ္မပညာ၏ပန်းတိုင်သည် သမ္မာကျမ်းစာကို ဘဝတွင် အသုံးချရန် ဖြစ်သည်။ ထို့ကြောင့်၊ အဆုံးတွင်၊ ကျွန်ုပ်တို့သည် ဓမ္မပညာရှင်ကောင်းတစ်ဦးဟု မှတ်ယူနိုင်သော်လည်း လူကောင်းမဟုတ်သူသည် ဓမ္မပညာရှင်ကောင်းမဟုတ်ဟု ဆိုရပေမည်။

**— Rev. Hutch Garmany**

ခရစ်ယာန်ဓမ္မပညာ၌ ပညာရပ်လမ်းညွှန်မှုများ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို အကဲဖြတ်ရန် အရေးကြီးသကဲ့သို့၊ ဘဝလမ်းညွှန်မှု၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကိုလည်း သတိပြုသင့်သည်။ ဓမ္မပညာသည် ဘဝအသက်တာနှင့်တိုက်ရိုက်ချိတ်ဆက်ရမည်ဟူသော ပို၍ ကြီးထွားလာသော သဘောတူညီချက်ကို ကျွန်ုပ်တို့ မည်သို့အကဲဖြတ်သင့်သနည်း။

## ဘဝလမ်းညွှန်မှု

များစွာသောကဏ္ဍများတွင်၊ ဓမ္မပညာတွင် ဘဝလမ်းညွှန်မှု၏ အကြီးမားဆုံးခွန်အားမှာ အရေးကြီးသော သမ္မာကျမ်းစာစံတန်ဖိုးများကို ဖြည့်ဆည်းပေးနိုင်ခြင်းပင်ဖြစ်သည်။ ယာကုပ် ၁:၂၂ ကဲ့သို့သော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းပိုဒ်များသည် ဓမ္မပညာဆိုင်ရာပညာရပ်ရှာဖွေမှုထက်ကျော်လွန်ရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသည်။ ယာကုပ်ပြောခဲ့သည်မှာ_

**ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူ ဖြစ်ကြလေ (ယာကုပ် ၁:၂၂)။**

ဓမ္မပညာရှင်များစွာ၏ ဉာဏ်ပညာအရေခြုံမှုကို ယာကုပ်၏စကားများဖြင့် တန်ဖိုးလျှော့ကျသွားစေခဲ့သည်။ ကောင်းမွန်သောဓမ္မပညာသည် မှန်ကန်သောသင်ယူမှုသာမဟုတ်ဘဲ မှန်ကန်သော အသက်ရှင်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ခြားနားသောအရာကို ယုံကြည်လျှင် ကျွန်ုပ်တို့သည် မိမိကိုယ်ကို လှည့်စားခြင်းသာဖြစ်သည်။ ၁ ကောရိန္သု ၈:၁ တွင် ပေါလုဖော်ပြခဲ့သောအချက်သည် ဤအရာမဟုတ်ပါလော_

**ဉာဏ်သည် ထောင်လွှားစေတတ်၏။ မေတ္တာမူကား တည်ဆောက်တတ်၏ (၁ ကောရိန္သု ၈:၁)။**

၁ ကောရိန္သု ၁၃:၂ တွင် တမန်တော်သည် ဤသို့ဆိုသည်_

**ပရောဖက်ဉာဏ်ကို ငါရ၍၊ နက်နဲသော အရာရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်လည်းကောင်း၊ တောင်များကိုရွှေ့နိုင်သော ယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်လည်းကောင်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏ (၁ ကောရိန္သု ၁၃:၂)။**

ကျွန်ုပ်တို့သည် စိတ်ကူးယဉ်သော ဓမ္မပညာဆိုင်ရာအယူအဆတိုင်းကို ဆုပ်ကိုင်ထားနိုင်သော်လည်း၊ ထိုအယူအဆများသည် မေတ္တာ၏အသီးအပွင့်မဟုတ်ပါက ကျွန်ုပ်တို့၏ဓမ္မပညာဆိုင်ရာအားထုတ်မှုများသည် အချည်းနှီးဖြစ်မည်မဟုတ်ကြောင်း တမန်တော်ပေါလုအခိုင်အမာဆိုခဲ့သည်။

သမ္မာကျမ်းစာသည် ခရစ်တော်၏သစ္စာရှိနောက်လိုက်များအား ဘုရားသခင်အတွက် အသက်ရှင်ခြင်းအပေါ် ၎င်းတို့၏ဓမ္မပညာဆိုင်ရာထင်မြင်ယူဆချက်များကို ဦးတည်ရန် အစဉ်ခေါ်တော်မူသည်။ ကျွန်ုပ်တို့သည် ဓမ္မဓိဋ္ဌာန်ကျကျ၊ သဘောတရားဆိုင်ရာနည်းလမ်းအချို့ဖြင့် ဓမ္မပညာအကြောင်းလေ့လာရန်သာ အာရုံစိုက်ထားလျှင် သမ္မာကျမ်းစာစံနှုန်းများကို အမှန်တကယ် ဖြည့်ဆည်းနိုင်မည်မဟုတ်ပေ။ ၎င်းအစား၊ သမ္မာကျမ်းစာ၏စံတန်ဖိုးများကို ထောက်ခံသောဓမ္မပညာသည် ကျွန်ုပ်တို့ယုံကြည်သောအရာကို ထင်ရှားစေမည့် ဓမ္မပညာဖြစ်သည်။

သို့သော် တစ်ချိန်တည်းမှာပင်၊ ဓမ္မပညာသို့ ဦးတည်သောဘဝလမ်းညွှန်မှုများသည်လည်း ဆိုးရွားစွာအန္တရာယ်ဖြစ်စေသည်။ အထူးသဖြင့် "ဉာဏ်ပညာဆန့်ကျင်ရေးဝါဒ"ဟုကျွန်ုပ်တို့ခေါ်သည့် အရာဖြစ်သည်။ မကြာခဏဆိုသလို၊ ခရစ်တော်အတွက် အသက်ရှင်ခြင်းကို တန်ဖိုးထားသောခရစ်ယာန်များသည်၊ ဓမ္မပညာဆိုင်ရာတိကျခြင်း၊ ဂရုတစိုက်ပိုင်း ခြားစိတ်ဖြာခြင်း၏တန်ဖိုးကို ငြင်းပယ်လေ့ရှိကြ

သည်။ အစဉ်အလာ၊ ပညာရပ်ဆိုင်ရာအလေးပေးသော ဓမ္မပညာကို ခရစ်ယာန်အသက်တာအတွက် အန္တရာယ်ဖြစ်စေသည်ဟု အချို့ရှုမြင်ကြသည်။

စိတ်ရင်းမှန်ဖြင့် ဤသို့ပြောကြသည်များကို ကြားဖူးပါလိမ့်မည်၊ "ကျွန်ုပ်တို့သည် အယူဝါဒထဲသို့ ဝင်သင့်သည်ဟု မထင်ပါ။ ၎င်းသည် ကျွန်ုပ်တို့၏စိတ်များကို ခရစ်တော်ထံမှ ဖယ်ထုတ်ပစ်လိမ့်မည်။" သို့မဟုတ်၊ ဤသို့သင်ကြားဖူးပါလိမ့်မည် "သင်သည် ဓမ္မပညာကို လေ့လာရန် မလို။ ဝိညာဉ်တော်နှင့် ပြည့်ဝပါ။" သို့မဟုတ် "ဉာဏ်ပညာဆိုင်ရာခရစ်ယာန်ဘာသာသည် အသေဖြစ်သောခရစ်ယာန်ဘာသာ တရားဖြစ်သည်" ဟု ဆိုသည်။ ဤအဓိပ္ပာယ်ပြည့်ဝသော ယုံကြည်သူများသည် ယုံကြည်ခြင်းတွင် ဉာဏ်ပညာဆန့်ကျင်ရေးချဉ်းကပ်မှုအတွက် အစဉ်အလာ၊ ပညာရပ်ဆိုင်ရာအလေးပေးသော ဓမ္မပညာကို ငြင်းပယ်ကြသည်။ မိမိတို့၏အသက်တာကို ဂရုတစိုက်တည်ဆောက်မည့်အစား၊ သေချာခိုင်မာစွာတည်ဆောက်ထားသော ဓမ္မပညာကိုပင်လျှင်၊ ဤကဲ့သို့သော ယုံကြည်သူများသည် ၎င်းတို့အား ဂရုတစိုက်မစစ်ဆေးဘဲ သူတို့၏ ဝိညာဉ်ရေးထိုးထွင်းသိမြင်မှုကိုသာ အားကိုးလေ့ရှိသည်။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက် အသက်ရှင်ပြီး ဝိညာဉ်တော်နှင့် ပြည့်ဝနေရမည်မှာ မှန်ပါသည်။ ဉာဏ်ပညာထက်မြက်မှုကိုအလေးပေးသော ခရစ်ယာန်ဘာသာသည် သေစေနိုင်သည်မှာလည်း မှန်ပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့အားလုံးသည် အသင်းတော်ရှိဉာဏ်ပညာဆန့်ကျင်ရေးဝါဒ၏ ဆိုးရွားသော အန္တရာယ်ကို တွန်းလှန်သင့်သည်။ ဤဉာဏ်ပညာဆန့်ကျင်ရေးဝါဒသည် ယုံကြည်သူအများ၏အသက်တာအတွက် ကြောက်မက်ဖွယ်ကောင်းသောအကျိုးသက်ရောက်မှုများဖြစ်စေမည့် ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပတ်သက်၍ မှားယွင်းသောသွန်သင်ချက်များနှင့် အထင်အမြင်လွဲမှားမှုများကို မလွဲမသွေ ဖြစ်ပေါ်စေမည်ဖြစ်သည်။

ပေါလုသည် တိမောသေအား ဤနည်းဖြင့်အားပေးခဲ့သော ၂တိ ၂:၁၅ တွင် ဤအန္တရာယ်ကိုအသိအမှတ်ပြုခဲ့သည်–

> **သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်းမရှိဘဲ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမား ဖြစ်လျက် ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစား အားထုတ်လော့။**

ဤနေရာတွင် ပေါလုသည် တိမောသေအား သမ္မာတရားကို မှန်ကန်စွာကိုင်တွယ်ရမည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ သို့သော် ဤသို့လုပ်ရန်သည် လွယ်ကူသည့်အလုပ်မဟုတ်ပါ။ သမ္မာတရားကို မှန်ကန်စွာကိုင်တွယ်ရန် တိမောသေသည် "အလုပ်သမား" — ဂရိဘာသာစကားဖြင့် *ergates* (ἐργάτης)— လုံ့လဝီရိယရှိသူ ဖြစ်ရန်လိုအပ်သည်။ ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရာတွင် တိကျခိုင်မာသော ဉာဏ်ပညာဆိုင်ရာထင်မြင်ယူဆချက် လိုအပ်သည်။

ကျွန်ုပ်တို့တစ်ဦးစီသည် ဓမ္မပညာကို ကျွန်ုပ်တို့အဓိပ္ပာယ်ဖွင့်ဆိုပုံနှင့်ပတ်သက်၍ ဂရုတစိုက်ကြည့်ရှုရမည်ဖြစ်သည်။ ကျွန်ုပ်တို့ထဲမှအချို့သည် ဘဝ၏အခြားကဏ္ဍများကိုလျစ်လျူရှုရန် ဓမ္မပညာကို ပညာရပ်ဆိုင်ရာအလေးပေးသောအမြင်တစ်ခုအနေဖြင့် ရှုမြင်ကြသည်။ ကျွန်ုပ်တို့အထဲမှ အခြားသူများသည် ဉာဏ်ပညာဆိုင်ရာကိစ္စရပ်များကို လျစ်လျူရှုသည့် ဘဝလမ်းညွှန်မှုဆီသို့ ဦးတည်သွားကြသည်။ ဤအစွန်းရောက်မှုများကို ရှောင်ရှားရန်၊ အမြင်နှစ်ခုစလုံးတွင် အားသာချက်များနှင့် အန္တရာယ်များရှိကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသိအမှတ်ပြုရမည်ဖြစ်သည်။ ဉာဏ်ပညာ၏လမ်းစဉ်မှာ ရှုထောင့်နှစ်ခုလုံးကို တစ်ပြိုင်နက်တည်း လက်ခံရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပညာရပ်ဆိုင်ရာဓမ္မပညာနှင့် ဘဝအသက်တာအတွက်ဓမ္မပညာ နှစ်ခုစလုံး လိုအပ်သည်။

ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၏ အသွင်အပြင်များစွာကို လေ့လာပြီးနောက်၊ ကျွန်ုပ်တို့သည် ဒုတိယအကြောင်းအရာ_ ဓမ္မပညာ၏ပန်းတိုင်များကို လေ့လာရန် အဆင်သင့်ဖြစ်နေပါပြီ။ ခရစ်ယာန်များသည် ၎င်းတို့၏ဓမ္မပညာကို တည်ဆောက်ရာတွင် မည်သည့်ရည်ရွယ်ချက်များကို ရှေ့ဆုံးသို့ရွှေ့သင့်သနည်း။ ထို့ပြင် ဤရည်ရွယ်ချက်များသည် မည်သို့ဆက်စပ်နေသနည်း။

# ပန်းတိုင်များ

ဓမ္မပညာကိုတည်ဆောက်ရာတွင် ရောက်ရှိရန်ကြိုးစားသင့်သည့်ပန်းတိုင်များနှင့်ပတ်သက်၍ မရေမတွက်နိုင်သောနည်းလမ်းများစွာရှိသည်။ ကျမ်းစာအားလုံးတွင် အကြီးမြတ်ဆုံးသော ပညတ်တော်များအကြောင်း ယေရှု၏စကားများသည် မှန်ကန်ပါသည်။ ဓမ္မပညာကိုတည်ဆောက်ခြင်းသည် ကျွန်ုပ်တို့အား စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်ရှိသမျှ၊ ခွန်အားရှိသမျှနှင့် ချစ်သောဘုရားသခင်ထံ ပို့ဆောင်သင့်သည်။ ကိုယ်နှင့်စပ်ဆိုင်သောသူများကို ကိုယ်နှင့်အမျှ ချစ်ရန် ဦးတည်သင့်သည်။ ကောရိန္သုမြို့သားများထံ ပေါလု၏သွန်သင်ချက်အရ ဓမ္မပညာ၏ပန်းတိုင်များကို အကျဉ်းချုပ်ဖော်ပြနိုင်ပြီး "ဘုရားသခင်၏ဘုန်းတော်အတွက်" ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်နိုင်သည်။ သမ္မာကျမ်းစာပါ ဤကျမ်းပိုဒ်များနှင့် ဆင်တူသောကျမ်းပိုဒ်များသည် ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးအတွက် အလွန်မြင့်မားသောစံနှုန်းများကို သတ်မှတ်ပေးထားသည်။ သို့သော် ကျွန်ုပ်တို့၏အခန်းဆက်ဆောင်းပါးတွင်၊ ဓမ္မပညာ၏ပန်းတိုင်များကို အနည်းငယ်ကွဲပြားသောနည်းဖြင့် လေ့လာလိုပါသည်။

ဓမ္မပညာတည်ဆောက်ခြင်းအတွက် ခရစ်ယာန်ပန်းတိုင်များကို အဆင့်သုံးဆင့်ဖြင့် လေ့လာမည်။ ဦးစွာ၊ ဓမ္မပညာ၏ အဓိကပန်းတိုင်သုံးခုကို ဖော်ထုတ်ပါမည်။ ဒုတိယ၊ ဤပန်းတိုင်များ၏ အပြန်အလှန်မှီခိုမှုအပေါ် မှတ်ချက်ပေးပါမည်။ တတိယ၊ ဤပန်းတိုင်များကို ဖြည့်ဆည်းရန် ကြိုးပမ်းရာတွင် ကျွန်ုပ်တို့သတိပြုသင့်သည့် ဦးစားပေးများကို ဆန်းစစ်ပါမည်။ ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ခြင်း၏ အဓိကပန်းတိုင်များနှင့် စတင်ကြပါစို့။

## အဓိကပန်းတိုင်များ

များစွာသောကဏ္ဍများတွင်၊ ကျွန်ုပ်တို့ရှာဖွေပြီးသော ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ဓမ္မပညာ၏ပန်းတိုင်များစွာကို ပိုင်းခြားသတ်မှတ်ခြင်းအတွက် အစမှတ်တစ်ခုဖြစ်သည်။ တစ်ဖက်တွင်၊ ပညာရပ်ဆိုင်ရာလမ်းညွှန်မှုနှင့်အတူ သိပ္ပံပညာတစ်ခုအဖြစ် ဓမ္မပညာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည်၊ ပန်းတိုင်တစ်ခုသည် ဉာဏ်ပညာရေးရာများကိုအာရုံစိုက်သည့် အယူဝါဒများကို သင်ကြားခြင်း သို့မဟုတ်

ပြုစုပျိုးထောင်ခြင်းဖြစ်သည်ဟု ဖော်ပြသည်။ အခြားတစ်ဖက်တွင်၊ ဓမ္မပညာကို ဘဝလမ်းညွှန်မှုအနေဖြင့် သတ်မှတ်ခြင်းသည် ခရစ်တော်၌ကျွန်ုပ်တို့၏ဘဝတစ်ခုလုံး၏ ကျယ်ပြောလှသောကိစ္စရပ်များအပေါ် အာရုံစိုက်သည့် သွန်သင်ချက်များ သို့မဟုတ် အယူဝါဒများ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း ဖော်ပြသည်။

ဓမ္မပညာအတွက် အဓိကပန်းတိုင်သုံးခုကို ပြောဆိုခြင်းဖြင့် ဤလမ်းညွှန်မှုနှစ်ခုကို တည်ဆောက်ပါမည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် ရှေးရိုးစွဲဝါဒဟု ခေါ်ဝေါ်လေ့ရှိသည့် orthodoxy ကို သုံးသပ်ပါမည်။ ဒုတိယ၊ မကြာသေးမီ၌ ဓမ္မပညာရှင်များခေါ်သည့် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ကို လေ့လာပါမည်။ တတိယ၊ မှန်ကန်သောခံစားမှု Orthopathos ဟုခေါ်သော ခရစ်ယာန်ဓမ္မပညာတွင် မကြာခဏလျစ်လျူရှုထားသော အဓိကပန်းတိုင်တစ်ခုကို ဆွေးနွေးပါမည်။ ရှေးရိုးစွဲဝါဒ Orthodoxy ၏ ဆိုလိုရင်းကို အစပြုပြပါစို့။

## ရှေးရိုးစွဲဝါဒ Orthodoxy

ရှေးရိုးစွဲဝါဒ “Orthodoxy” ဟူသောအသုံးအနှုန်းကို အရှေ့ပိုင်းခရစ်ယာန်ဘာသာ၏ Orthodox အသင်းတော်များကဲ့သို့ သီးခြားအသင်းတော်များကို ခွဲခြားသတ်မှတ်ရန် တစ်ခါတစ်ရံတွင် အသုံးပြုသည်။ သို့သော် ဤနေရာတွင် ၎င်း၏ယေဘူယျသဘောအရ ရိုးရှင်းစွာဆိုလိုသော စကားလုံးကို သုံးပါမည်_

မှန်သည် သို့မဟုတ် ဖြောင့်မှန်သည့် စဉ်းစားတွေးခေါ်မှု

ရှေးရိုးစွဲဝါဒ Orthodoxy ၏ပန်းတိုင်သည် မှန်ကန်သော သို့မဟုတ် စစ်မှန်သောအယူဝါဒများဆီသို့ ရောက်ရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဂိုဏ်းဂဏ သို့မဟုတ် အသင်းတော်သည် မည်သို့ပင်ရှိစေကာမူ၊ ကျွန်ုပ်တို့သည် ဓမ္မပညာကို တည်ဆောက်သောအခါတွင်၊ အတိုင်းအတာတစ်ခု သို့မဟုတ် အခြားတစ်ခုအထိ၊ ကျွန်ုပ်တို့ယုံကြည်သောအရာ၏ မှန်ကန်မှု၌ စိတ်ဝင်စားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပတ်သက်သော မှန်ကန်သောအရာများနှင့် ဘုရားသခင်နှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်များကို ယုံကြည်လိုပါသည်။ ထို့ကြောင့်၊ ဓမ္မပညာကို ပညာရပ်ဆိုင်ရာလမ်းညွှန်မှုအဖြစ် လိုက်လျှောက်သူများသည် အဘယ်ကြောင့် ဤအယူအဆဆိုင်ရာပန်းတိုင်ကို အလေးပေးကြသည်ကို မြင်ရန်မခဲယဉ်းပါ။

ဓမ္မပညာရှင်များသည် ၎င်းတို့၏ ဓမ္မပညာဆိုင်ရာအလုပ်၏ အဓိကပန်းတိုင်အဖြစ် ရှေးရိုးစွဲဝါဒ orthodoxy ပြုလုပ်ရန် မှန်ကန်ပါသည်။ ယနေ့ခေတ်တွင် လျင်မြန်သောဆက်သွယ်ရေးနှင့် ကမ္ဘာတစ်ဝှမ်းရှိ လူဦးရေအပြောင်းအလဲကြောင့် ခရစ်ယာန်ဘာသာမှလွဲ၍ အခြားဘာသာတရားများကို အချိန်တိုင်းနီးပါး ကြုံတွေ့ရသည်။ ၎င်းသည် လူများစွာကို မည်သည့်အရာကိုယုံကြည်ရမည်နှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးစေသည်။ ခရစ်ယာန်ဓမ္မပညာရှင်များစွာပင်လျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်၍ အစဉ်အလာသမ္မာတရားများကို အမှန်တကယ်ယုံကြည်နိုင်ပါမည်ဟူ၍ တွေးမိသည်။ ခရစ်ယာန်အသိုင်းအဝိုင်းပြင်ပမှ ရှုပ်ထွေးသောလွှမ်းမိုးမှုများအပြင်၊ အနည်းငယ်သောအဓိကအယူဝါဒထက် ပိုမိုနားလည်သဘောတူနိုင်သော အသင်းတော်အတွင်းရှိခရစ်ယာန်များကို ရှာဖွေရန်မှာလည်း ခက်ခဲပါသည်။

ဤလက်ရှိသဘောထားများကြားမှ၊ orthodox အမြင်များ ဖြစ်ထွန်းလာကြောင်း ကျွန်ုပ်တို့ ထပ်မံအတည်ပြုသင့်သည်— "စစ်မှန်သောအယူဝါဒများ" ဟုခေါ်သည့် —ဓမ္မပညာ၏အဓိကပန်းတိုင်များထဲမှတစ်ခုဖြစ်သင့်သည်။ ယေရှုခေတ်တွင် ဘာသာတရားများစွာရှိပြီး၊ ဂျူးလူမျိုးများကြားတွင်ပင် ဓမ္မပညာဆိုင်ရာကွာခြားမှုများရှိကြောင်း ကျွန်ုပ်တို့သည် မိမိကိုယ်ကိုအမြဲသတိပေးရမည်ဖြစ်သည်။ သို့သော် ဤမတူကွဲပြားမှုကို ပေါ်ပေါက်စေသည့် စိန်ခေါ်မှုများကြားမှ ယေရှုသည် ရှေးရိုးစွဲဝါဒ orthodoxy ကိုရှာဖွေရန် အခိုင်အမာတောင်းဆိုခဲ့သည်။ ကိုယ်တော်သည် သူ၏မြေကြီးဆိုင်ရာ ဓမ္မအမှုများတွင် မှားယွင်းမှုများကို ပြုပြင်ပေးခြင်းနှင့် သူ၏နောက်လိုက်များအား သူတို့ယုံကြည်သင့်သည့်အရာများကို သွန်သင်ပေးခဲ့သည်။ သူ၏နောက်လိုက်များသည် သမ္မာတရားကို ရှာဖွေသူများဖြစ်မည် အကြောင်းကို ကိုယ်တော်သည်မဆိုင်းမတွ ကြွေးကြော်ခဲ့သည်။

ယောဟန် ၁၇:၁၇ ပါ တမန်တော်များအတွက် ယေရှု၏ဆုတောင်းချက်ကို နားထောင်ပါ_

> **ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏ (ယောဟန် ၁၇:၁၇)။**

ယေရှုသည် စစ်မှန်သောအယူဝါဒကို အလွန်အလေးအနက်ထားတော်မူသည်။ စစ်မှန်သော ဓမ္မပညာဆိုင်ရာသဘောတရားများကို မလေ့လာဘဲ ကျွန်ုပ်တို့သည်—ဘုရားသခင်၏အမှုတော်အတွက် သီးခြားခွဲထားသည်—သန့်ရှင်းစင်ကြယ်နိုင်သည်ဟု ယနေ့ လူအများက ယုံကြည်ကြသည်။ သို့သော် တမန်တော်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားအားဖြင့် သန့်ရှင်းစေရန် ယေရှုဆုတောင်းခဲ့သည်။ ရှေးရိုးစွဲဝါဒ Orthodoxy သည် ဓမ္မပညာ၏ အဓိကပန်းတိုင်များထဲမှ တစ်ခုဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့ပြီး၊ သူ၏နောက်လိုက်များ၊ ကျွန်ုပ်တို့သည်လည်း အလားတူလုပ်ဆောင်ရမည်ဖြစ်သည်။

ယခုအခါတွင်၊ ရှေးရိုးစွဲဝါဒ Orthodoxy ၏ အဓိကပန်းတိုင်ကို အတည်ပြုရန် အရေးကြီးသကဲ့သို့၊ ခရစ်ယာန်များသည် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ၏ပန်းတိုင်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

## မှန်ကန်သောအပြုအမူဆိုင်ရာ Orthopraxis

စကားလုံးကိုယ်နှိုက်၏ဖော်ပြသည့်အတိုင်း၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် အောက်ပါတို့ကို အာရုံစိုက်သည်_

> မှန်ကန်သောအပြုအမူ သို့မဟုတ် အလေ့အကျင့်

ဤအသုံးအနှုန်းသည် မကြာသေးမီဆယ်စုနှစ်များအတွင်း ဓမ္မပညာအပေါ်ဆွေးနွေးမှုများ၏ ရှေ့ဆုံးသို့ရောက်ခဲ့ပြီး၊ အထူးသဖြင့် ဓမ္မပညာဆိုင်ရာ ဘဝလမ်းညွှန်မှုယူခဲ့ကြသူများဖြစ်သည်။ William Ames သည် "ဘုရားသခင်ထံတော်၌ အသက်ရှင်ခြင်း" ၏အယူဝါဒအဖြစ် ဓမ္မပညာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) ခြင်ဆီအကြောင်းကို ဖော်ပြခဲ့သည်ကို သင်သတိရမိပါလိမ့်မည်။ ဘုရားသခင်ထံတော်၌အသက်ရှင်ခြင်း

၏ ရှုထောင့်တစ်ခုမှာ ကျွန်ုပ်တို့၏ အလေ့အကျင့် သို့မဟုတ် အပြုအမူဖြစ်သည်။ ဓမ္မပညာဆိုင်ရာသဘောတရားများကို မှန်ကန်စွာ တွေးတောရုံမျှဖြင့် မလုံလောက်ပါ။ ဤသဘောတရားများကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရမည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် အထူးအားဖြင့် ရုပ်ပိုင်းဆိုင်ရာအပြုအမူများကို စိတ်ထဲတွင်ရှိကြသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၊ ဧဝံဂေလိတရားဟောပြောခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ အချင်းချင်းအစေခံခြင်း၊ ဆင်းရဲသားတို့အား ရက်ရက်ရောရော ပေးကမ်းခြင်းတို့ကို ဓမ္မပညာ၌ လေ့လာသင်ယူကြသည်။ သို့သော် ၎င်းနှင့် အခြားသမ္မာတရားများအကြောင်း လေ့လာခြင်းသည် ခရစ်ယာန်ဓမ္မပညာအတွက် မလုံလောက်ပါ။ ဤသမ္မာတရားများကိုသင့်လျော်သောလုပ်ဆောင်ချက်များ— မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သို့ ပြန်ဆိုရပါမည်။

> ဓမ္မပညာနှင့် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ကြား ဆက်နွယ်မှု သို့မဟုတ် ကျွန်ုပ်တို့၏ဘဝတွင် ဓမ္မပညာကိုယ်တိုင်လုပ်ဆောင်သည့်နည်းလမ်းသည်၊ အစိတ်အပိုင်းအတွက် အရေးကြီးပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့ယုံကြည်သည့်အရာအတွက်သာမက၊ ကျွန်ုပ်တို့၏ဘဝတွင် ကျွန်ုပ်တို့ယုံကြည်သည့်အရာသည် မိမိဘာသာလုပ်ဆောင်ပေးသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့်၊ သင်သည် Gnostics နှင့်ပတ်သက်၍ ကနဦးအသင်းတော်ကို ပြန်စဉ်းစားကြည့်နိုင်ပါသည်။ Gnostics အတွက်၎င်းသည် မှန်ကန်သောယုံကြည်ချက်၊ ဘုရားသခင်နှင့် ကိုယ်တော်၏နှုတ်ကပတ်တော်နှင့် ယှေရှုမည်သူဖြစ်သည်ကို ဤလျှို့ဝှက်နားလည်မှုများရှိရုံမျှသာဖြစ်သည်။ ထို့ပြင် ဤကမ္ဘာကြီးနှင့်ပတ်သက်သည့် အရာအားလုံး၊ မတော်တဆဖြစ်နေသောကြောင့် လူတစ်ယောက်၏ဘဝတွင် မည်သို့လုပ်ဆောင်ခဲ့သည်ဆိုသည်မှာ အရေးမကြီးပါ_ယုံကြည်သောအရာနှင့်သက်ဆိုင်သော အပြုအမူသည် အရေးကြီးသည်ဟုဆိုခြင်းသည် အဓိပ္ပာယ်မရှိပါ။ သို့သော် ခရစ်တော်သည် ၎င်းနှင့်ပတ်သက်၍ လုံးဝမပြောပါ။ သူ၏ကိုယ်ပိုင်သွန်သင်ချက်များနှင့် ဓမ္မသစ်ကျမ်းကျန်တစ်လျှောက်လုံးတွင်၊ အမှန်ပင် ဓမ္မဟောင်းကျမ်းတစ်ခုလုံးတွင် ဘုရားသခင်သည် သူ၏လူတို့အား “သင်တို့သည် ငါ၏လူဖြစ်သောကြောင့်၊ ငါတို့သည် ဤဆက်ဆံရေးရှိသောကြောင့်၊ ငါ၏သံတမန်များဖြစ်ကြသည်။ သင်၏လုပ်ဆောင်မှုသည် သင်နှင့်ငါ၏ဆက်ဆံရေးကို ထင်ရှားပြနေသည်။" ထို့ကြောင့်၊ ကျွန်ုပ်တို့ယုံကြည်သည့်အရာနှင့် ကျွန်ုပ်တို့ပြုမူပုံ၊ သာသနာပြုခြင်းနှင့် အသင်းတော်တစ်ခု၏ခေါင်းဆောင်အဖြစ် သို့မဟုတ် ဓမ္မအမှုတော်အတွက်ခေါ် ခြင်းခံရသူများနှင့် သိုးစုကို မည်သို့ထိန်းသည် သို့မဟုတ် အသင်းတော်အတွင်း၌သာ မိမိတို့၏ဓမ္မအမှု၌ မိမိတို့၏ယုံကြည်ခြင်းကို အသက်သွင်းနေကြသူများ၊ ဘုရားသခင်သည် ၎င်းတို့အား ၎င်းတို့၏အလုပ် သို့မဟုတ် ဘဝ သို့မဟုတ် ကျောင်းမှ ခေါ်ထားသည်ဟုဆိုသူများ အားလုံးသည် ခွဲခြား၍မရနိုင်သောနှောင်ကြိုးတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့် ၎င်းယုံကြည်ချက်သည် ကျွန်ုပ်တို့၏ဘဝတွင် မည်သို့လုပ်ဆောင်သည်ဟူသောအချက်သည် မရှိမဖြစ်လိုအပ်သော ဆက်ဆံရေးတစ်ခုဖြစ်သည်။

**ဒေါက်တာ Scott Manor**

ဝမ်းနည်းစရာမှာ ဧဝံဂေလိတရားဟောပြောသူများသည် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ၏ ဓမ္မပညာဆိုင်ရာပန်းတိုင်ကို ဆက်လက်ထိန်းသိမ်းထားရန် ကြီးမားသောစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေကြရသည်။ ပထမ၊ အသင်းတော်ပြင်ပမှလူများသည် ပြီးပြည့်စုံသောကိုယ်ကျင့်တရားဟူသည်မှာ မရှိကြောင်း၊ အပြုအမူများသည်အထူးကောင်းမွန်သည် သို့မဟုတ် ဆိုးရွားသည် ဟူ၍လည်းမရှိကြောင်း ကျွန်ုပ်တို့အား လိမ်ညာပြီး အမြဲတိုက်ခိုက်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့အများစုသည် မှန်ကန်ခြင်းနှင့် မှားယွင်းသော ကျင့်ကြံခြင်းရှိရန် တွန်းအားပေးခြင်းဖြင့် ကျွန်ုပ်တို့၏ယဉ်ကျေးမှု ရေစီးကြောင်းနှင့်ဆန့်ကျင်ဘက်တွင် ရပ်တည်ရန်ငြီးငွေ့လာကြသည်။

သို့သော် အသင်းတော်အတွင်း၌ပင်၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ပြုလုပ်ရန် ကျွန်ုပ်တို့၏နှုတ်နည်းခြင်းသည် အတိတ်ကာလဤကြိုးပမ်းမှု၌ ခရစ်ယာန်များအနေဖြင့် မအောင်မြင်ခဲ့သောကြောင့် ဖြစ်သည်။ အသင်းတော်သည် သမ္မာတရား၏အမည်ဖြင့် အပြစ်များစွာကို ကျူးလွန်ခဲ့သည်။ ကျွန်ုပ်တို့သည် အသင်းတော်၏သမိုင်းကြောင်းကိုလေ့လာပြီး ဆိုးရွားသောဓမ္မပညာဆိုင်ရာအကြောင်းပြခြင်းဖြင့် ထောက်ခံထားသော ကြောက်မက်ဖွယ်ကောင်းသောအပြုအမူများကို မြင်တွေ့ရသည်။ ဘာသာရေးသမားများ၊ စိတ်ရင်းမှန်သောခရစ်ယာန်များပင်လျှင်၊ ကြောက်မက်ဖွယ်ကောင်းသောအပြစ်အမျိုးမျိုးတို့ကို တရားမျှတစေရန်အတွက် ၎င်းတို့၏ဓမ္မပညာကို အသုံးပြုလေ့ရှိကြသည်မှာ သမိုင်း၏ဝမ်းနည်းဖွယ်ဖြစ်ရပ်မှန်တစ်ခုဖြစ်သည်။

သို့သော် ဤဆိုးရွားသောအခက်အခဲများရှိနေသော်လည်း ကျွန်ုပ်တို့၏အပြုအမူသည် ဘုရားသခင်အတွက် အရေးကြီးနေဆဲဖြစ်သောကြောင့် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ အကောင်းနှင့်အဆိုးအကျင့်များသည် ကျွန်ုပ်တို့၏ထာဝရ ဆုလာဘ်များအပေါ် သက်ရောက်မှုရှိနေဆဲဖြစ်သည်။ ကျွန်ုပ်တို့ပြုသောကောင်းမှုများသည် ခရစ်ယာန်ချင်းများအတွက် ဘုရားသခင်၏အမှုတော်ဆောင်ခြင်းနည်းလမ်းလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် မှန်ကန်သောအပြုအမူအားဖြင့် မယုံကြည်သောလောကအား ခရစ်တော်အတွက် တန်ခိုးကြီးသောသက်သေကို ဖော်ပြနိုင်သေးသည်။ ဤအရာများနှင့် အခြားအကြောင်းများကြောင့်၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် ဓမ္မပညာ၏ မရှိမဖြစ် ပန်းတိုင်တစ်ခု ဖြစ်ရပါမည်။

ယခု ကျွန်ုပ်တို့သည် အဆင့်များစွာတွင် သတိထားရန် လိုအပ်သည်။ နှိမ့်ချမှုနှင့် ချစ်ခြင်းမေတ္တာသည် အချိန်တိုင်းတွင် ကျွန်ုပ်တို့၏ထူးခြားသောအမူအကျင့်ကို ဖော်ပြရပါမည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာကို သာမာန်လုပ်ဆောင်မှုအဖြစ် မလျှော့ချသင့်ပါ။ ကောင်းသောအကျင့်အားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းမရနိုင်ကြောင်း သမ္မာကျမ်းစာရှင်းလင်းစွာ ဖော်ပြထားပါသည်။ သို့တိုင်၊ ဓမ္မပညာသည် အယူအဆမှန်ကန်ခြင်းအတွက်သာအလေးအနက်ထားခြင်းမဟုတ်ဘဲ၊ သွန်သင်ဆုံးမခြင်းနှင့် မှန်ကန်သောလုပ်ရပ်များကို လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍လည်း အလေးထားသင့်သည်။ ယာကုပ် ၂:၁၉ ကို နားထောင်ပါ။ ယာကုပ်သည် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis မပါဘဲ ရှေးရိုးစွဲဝါဒ orthodoxy ကို မလိုက်နာရန် သတိပေးခဲ့သည်။

**ဘုရားသခင်တဆူတည်းရှိသည်ဟု သင်သည်ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည် ယုံ၍ကြောက်ရွံ့တုန်လှုပ်ကြ၏ (ယာကုပ် ၂:၁၉)။**

ဤကျမ်းပိုဒ်တွင် ယာကုပ်သည် မှတ်သားဖွယ်ပြောဆိုခဲ့သည်။ ကဏ္ဍများစွာတွင်၊ နတ်ဆိုးများသည် ရှေးရိုးဆန်ကြသည်။ ဘုရားသခင်သည် တစ်ဆူတည်းရှိသည်ဟု ယုံကြည်ကြသည်။ သူတို့သည် ဤသမ္မာတရားကို အလွန်နက်ရှိုင်းစွာ ယုံကြည်သောကြောင့် "ကြောက်ရွံ့တုန်လှုပ်" ကြသည်။ သို့သော် နတ်ဆိုးတို့၏ ရှေးရိုးစွဲဝါဒ orthodoxy အရ ၎င်းတို့သည် ၎င်းတို့၏လုပ်ဆောင်မှုများတွင် ဘုရားသခင်ထံ လက်အောက်ခံရန် ငြင်းဆိုသောကြောင့် ၎င်းတို့သည် မကောင်းကြပေ။

> ယာကုပ်သည် တိုင်းတစ်ပါးတွင် ပြန့်နှံ့နေသော ဂျူးခရစ်ယာန်များထံ စာရေးကာ၊ ၎င်းတို့၏ အဓိက ယုံကြည်ခြင်းဝန်ခံချက်အပေါ် ကောက်ချက်ချသည်။ သူက "ဘုရားသခင်သည် တစ်ပါးတည်းသောဘုရားဖြစ်ကြောင်းကို သင်ယုံသလော" ဟုဆိုသည်။ တရားဟောရာကျမ်းတွင် နေ့တိုင်းဆုတောင်းသော ရှေမ၏ဆုတောင်းချက်မှ ဖြစ်ပါသည်။ သူက "ကောင်းပြီ၊ သင်သည်ယုံလျှင် သင်ကောင်း၏။ နတ်ဆိုးတို့သည် ယုံကြည်၍ တုန်လှုပ်ကြသည်။" ကောင်းပြီ၊ နတ်ဆိုးများကဲ့သို့ ယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့ကို အမှန်တကယ်ကယ်တင်ပြီး ဘုရားသခင်နှင့် ဆက်ဆံရေးကို ဖန်တီးပေးသည့်၊ တစ်စုံတစ်ရာကို ယုံကြည်ခြင်းကြား ကွာခြားချက်ကား အဘယ်နည်း။ ကောင်းပြီ၊ ဘုရားသခင်ကို ချစ်ခြင်းနှင့် ဘုရားသခင်ကို နာခံခြင်း၏ ကွာခြားချက်ဖြစ်သည်။ ယာကုပ်သည် နှုတ်ကပတ်တော်ကို ဖတ်ရှုရုံသာမဟုတ်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြားရုံသာမက၊ စိတ်ကူးထဲတွင် လက်ခံယုံကြည်ရုံသာမက၊ ၎င်းတို့ကို လိုက်လျှောက်ခြင်း၊ ဘုရားသခင်ထံ စွဲကိုင်ထားခြင်းတို့ကို အာရုံစိုက်နေခြင်းဖြစ်သည်။ ယေရှုက "သင်သည် ငါ့ကို ချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်လိမ့်မည်" ဟုမိန့်တော်မူသည်။
>
> **ဒေါက်တာ Gregory R. Perry**

ရှေးရိုးစွဲဝါဒ Orthodoxy နှင့် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ၏အဓိကပန်းတိုင်များအပြင်၊ မှန်ကန်သောခံစားမှု orthopathos ၏ပန်းတိုင်ကိုလည်းဖော်ပြရပါမည်။

## မှန်ကန်သောခံစားမှု Orthopathos

ဤဝေါဟာရကို တွင်တွင်ကျယ်ကျယ် အသုံးမပြုသော်လည်း နားလည်ရန် မခက်ခဲပါ။ မှန်ကန်သောခံစားမှု Orthopathos ဟူသော ဝေါဟာရသည်_

> မှန်ကန်သော သို့မဟုတ် မှန်ကန်သော ခံစားချက် သို့မဟုတ် စိတ်ခံစားမှုများဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်အတွက် အသက်ရှင်ခြင်းတွင် ကျွန်ုပ်တို့၏အနက်ရှိုင်းဆုံးခံစားချက်များကို ကိုယ်တော်၏အမှုတော်တွင် အသုံးပြုကြောင်း သေချာစေခြင်းပါဝင်သည်။ ကျွန်ုပ်တို့၏ ရွှင်လန်းပျော်ရွှင်မှုများ၊ စိတ်ပျက်စရာများ၊ တမ်းတမှုများ၊ ဒေါသ၊ ကြည်နူးမှုနှင့် အခြားသော စိတ်ခံစားမှုများစွာကို ဘုရားသခင်၏ အလိုတော်နှင့်ကိုက်ညီစေရမည်။ ဝမ်းနည်းစွာဖြင့်၊ အကယ်၍ ပညာရပ်ဆိုင်ရာ ဓမ္မပညာရှင်များသည် ဓမ္မပညာ၏ပန်းတိုင်ကို လျစ်လျူရှုပါက၊ ၎င်းသည် မှန်ကန်သောခံစားမှု orthopathos ၏ပန်းတိုင်ဖြစ်သည်။ ဓမ္မပညာ၏ စိတ်ခံစားမှုဆိုင်ရာ အတိုင်းအတာကို လျစ်လျူရှုခြင်းသည် အနည်းဆုံး အကြောင်းရင်းနှစ်ခုကြောင့် ဖြစ်ပေါ်သည်။

ပထမ၊ ပညာရပ်ဆိုင်ရာ ဓမ္မပညာရှင်အများအပြားသည် စိတ်ခံစားမှုများကိုဖော်ပြခြင်း သို့မဟုတ် စူးစမ်းလေ့လာခြင်းတွင် စိတ်ပိုင်းဆိုင်ရာအရ အားနည်းနေတတ်သည်။ အမှန်မှာ၊ အကျိုးမဲ့သော ပညာရပ်ဆိုင်ရာ စံနမူနာသည် လူတို့အား ပညာရေးဆိုင်ရာဓမ္မပညာတွင်ကျင့်သုံးရန် မကြာခဏ လွှမ်းမိုးလေ့ရှိသည်— ပါမောက္ခများနှင့် ဆရာများဖြစ်လာသည်—ထို့ကြောင့် သူတို့သည် ဘဝ၏ခံစားချက်ဆိုင်ရာရှုထောင့်များကို ရှောင်ရှားနိုင်ကြသည်။ ထို့ကြောင့်၊ သင်သည် ရက္ခဗေဒဆိုင်ရာ ပြဌာန်းစာအုပ်များတွင် မြင်တွေ့ရသကဲ့သို့ ပညာရပ်ဆိုင်ရာဓမ္မပညာစာများတွင် စိတ်လှုပ်ရှားမှု၊ ပျော်ရွှင်မှု၊ နာကျင်မှု၊ ကိုယ်ချင်းစာမှု၊ ဂရုစိုက်မှုနှင့် ချစ်ခြင်းတို့ကို တွေ့ရခြင်းသည် အံ့သြစရာမဟုတ်ပါ။ အကယ်၍ သင်သည် ပညာရပ်ဆိုင်ရာဓမ္မပညာများကို များစွာဖတ်ဖူးပါက၊ စိတ်ပိုင်းဆိုင်ရာကိစ္စများတွင် အာရုံစူးစိုက်မှု အလွန်နည်းသည်ကို သိမည်ဖြစ်သည်။ ဝမ်းနည်းစရာမှာ၊ ကျွမ်းကျင်သောဓမ္မပညာရှင်များကိုယ်တိုင် စိတ်ခံစားမှုကို တန်ဖိုးမထားသောကြောင့်၊ သို့မဟုတ် ၎င်းတို့သည် စိတ်ပိုင်းဆိုင်ရာ မဖွံ့ဖြိုးသေးသောကြောင့် ဤအရာဖြစ်ပွားလေ့ရှိသည်။

မှန်ကန်သောခံစားမှု Orthopathos ၏ဒုတိယအတားအဆီးတစ်ခုမှာ ဧဝံဂေလိတရားဟောပြောသူများ၏ယုံကြည်ချက်မှာ ခံစားချက်များသည် အကျင့်စာရိတ္တမဲ့မှု သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ကြားနေမှု ဖြစ်သည်ဟူသည့် ထောင်ချောက်ထဲသို့ ကျရောက်သွားခြင်းပင်ဖြစ်သည်။ ခံစားချက်တစ်ချို့သည် မှန်သည်၊ တစ်ချို့သည် မှားသည်ဟု ပြောဆိုချက်သည် မသင့်တော်ဟု သူတို့ပြောကြသည်။ မှန်ကန်သောခံစားမှု orthopathos —၏အယူအဆသည် လုံးဝလွဲမှားနေသည်ဟု သူတို့ယုံကြည်ကြသည်။ သို့သော် စိတ်ခံစားမှုဆိုင်ရာ အကျင့်စာရိတ္တမဲ့မှု ရှုထောင့်သည် ကျယ်ပြန့်သည်နှင့်အမျှ၊ ၎င်းသည် သမ္မာကျမ်းစာ၏ရှုထောင့်များထက် အချို့သော ခေတ်သစ်စိတ်ပညာသီအိုရီများနှင့် ပိုမိုကိုက်ညီကြောင်း သတိပြုရမည်ဖြစ်သည်။

> ဂလာတိ ၅ တွင်တွေ့ရသော ဝိညာဉ်ပကတိ၏အကျိုး—ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် ကာမဂုဏ်ချုပ်တည်းခြင်း— ထိုစကားလုံးများကို သင်စဉ်းစားသောအခါ ၎င်းတို့သည် စိတ်ခံစားမှုနှင့် အလွန်သက်ဆိုင်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယုံကြည်သူ၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုသည် စိတ်ခံစားမှုများကို အကျိုးသက်ရောက်စေကြောင်း ဤအရာသည် ကျွန်ုပ်တို့အား ပြောပြသည်။ ထို့ကြောင့် စိတ်ခံစားမှုများသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုယ်ကျင့်တရားအရ ကြားနေသည် မဟုတ်ပါ။ ကောင်းသည့်စိတ်ခံစားချက်များ ရှိသကဲ့သို့ မကောင်းသည့်စိတ်ခံစားချက်များလည်း ရှိသည်။ ဖြောင့်မတ်သော စိတ်ခံစားချက်များ ရှိသကဲ့သို့ မကောင်းသော စိတ်ခံစားချက်များလည်း ရှိသည်။ ကျွန်ုပ်တို့သည် ယခုအခြေအနေနှင့် ထိုကာလအခြေအနေများကို ခွဲခြားသိမြင်ရန် ခက်ခဲနေသော်လည်း၊ အမှန်မှာ သမ္မာကျမ်းစာသွန်သင်ချက်များကို ပို၍တွေး လေလေ၊ ဤအခြေအနေအတွက် ကျွန်ုပ်၏ခံစားချက်သည်မှန်သလော ဟူသောမေးခွန်းများ မေးလေလေဖြစ်သည်။ ဤအခြေအနေနှင့်ပတ်သက်၍ ကျွန်ုပ်၏ခံစားချက်သည် ဘုရားသခင်ကျွန်ုပ်အား ခံစားစေလိုသည့်ပုံစံ ဟုတ်ပါ သလား။ ဝိညာဉ်ပကတိ၏အကျိုးတွင် ကောင်းမြတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းနှင့် ထိုကဲ့သို့သောအရာများ—ချစ်ခြင်း၊ ဝမ်းမြောက် ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း—အစရှိသော စိတ်ခံစားမှုဆိုင်ရာ အသုံးအ နှုန်းများထက် မည်သည့်အရာသည် ပို၍ခံစားချက်ရှိနိုင်မည်နည်း။ ထို့ကြောင့် စိတ်ခံစားမှုများသည် ခရစ်ယာန်ဓမ္မပညာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သမ္မာကျမ်းစာကို ကျွန်ုပ်တို့စဉ်းစားသည့်အခါ၊ အသက်တာတွင် နာခံကျင့်သုံး သည့်အခါ၊ ၎င်းသည် ကျွန်ုပ်တို့၏ စိတ်စိတ်ခံစားမှုများကို အကျိုးသက်ရောက် စေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဉာဏ်ပညာအသက်တာသာမက၊ ကျွန်ုပ်တို့၏ အပြုအမူများသာမက၊ ကျွန်ုပ်တို့၏ စိတ်ခံစားမှုများလည်း ဖြစ်ပါသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို မည်သို့တွေးရမည်၊ ဘုရားသ ခင်အပေါ် ကျွန်ုပ်တို့ မည်သို့ပြုမူရမည်နှင့် ဘုရားသခင်အပေါ် ကျွန်ုပ်တို့ မည်သို့ ခံစားရမည့်အရာများအကြောင်း များစွာပြောထားသည်။ ထို့ကြောင့် စိတ်ခံစား မှုများသည် ကိုယ်ကျင့်တရားအရ ကြားနေခြင်းမဟုတ်ကြောင်း သမ္မာကျမ်းစာ ရှင်းလင်းစွာဖော်ပြထားသည်။ စိတ်ခံစားမှုများသည် ကျွန်ုပ်တို့မည်သူမည်ဝါဖြစ် သည်နှင့် ဘုရားသခင်ကို ချီးမြောက်မည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်...သခင်ဘုရားအပေါ် ကျွန်ုပ်၏ စိတ်ခံစားမှုဆိုင်ရာတုံ့ပြန်မှု ကဏ္ဍ တိုင်းနှင့် ကျွန်ုပ်၏အသက်တာအတွက် စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှုများနှင့် ကျွန်ုပ် ၏ဘဝတွင် ဖြစ်ပျက်နေသည့်အရာများအားဖြင့် ဘုရားသခင်သည် မည်သူဖြစ် ကြောင်း၊ ကျွန်ုပ်၏ကို ဖန်ဆင်းသူဖြစ်ကြောင်း၊ မည်သို့ဖန်ဆင်းတော်မူခဲ့ပုံသည် ဤယိုယွင်းပျက်စီးနေသောလောကကို တုံ့ပြန်ရန်နှင့် ဤလောကကို ကိုယ်တော် သည်ရွေးနုတ်တော်မူမည့်အကြောင်း ဆုတောင်းပါသည်။ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဖန်ဆင်းတော်မူသည်နှင့်အညီ၊ ရွေးနုတ်၍ အောင်မြင်ခြင်းကို ဆောင်ကြဉ်းတော်မူလိမ့်မည်။

**ဒေါက်တာ M. B.**

တမန်တော်ပေါလု၏ ရေးသားချက်များတွင် ဓမ္မပညာဆိုင်ရာအံ့ဖွယ်ကောင်းသော ဥပမာတစ်ခုကိုတွေ့ရှိရသည်။ ပေါလုသည် ရှေးရိုးစွဲဝါဒ orthodoxy ကို အလေးထားကြောင်း ကျွန်ုပ်တို့အားလုံးသိသည်။ သူသည် သမ္မာတရားကို လိုက်လျှောက်ရန် သန္နိဋ္ဌာန်ချခဲ့သည်။ သို့တိုင်၊ ပေါလုသည် သမ္မာတရားအကြောင်း အကြိမ်ကြိမ်ရေးခဲ့သည့်အတိုင်း သူ၏ခံစားချက်များကို မထိန်းချုပ်နိုင်ပါ။ ရှေးရိုးစွဲဝါဒ Orthodoxy အပေါ် သူ၏ထင်မြင်ယူဆချက်သည် စိတ်ခံစားမှုများကို ပေါက်ကွဲထွက်စေခဲ့သည်။ သာဓကတစ်ခုအနေဖြင့်၊ ပေါလု အပြင်းအထန်ချီးမွမ်းသော ရောမ ၁၁:၃၃-၃၆ ကို နားထောင်ပါ_

**ဘုရားသခင်၏ပညာနှင့် ဉာဏ်တော်သည် အလွန်ကျယ်ဝန်း နက်နဲစွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍ မကုန်နိုင်။ ကြွတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်းမတွေ့မမှီနိုင်။ "ထာဝရဘုရား၏စိတ်တော်ကို အဘယ်သူသိသနည်း။ ထာဝရဘုရားနှင့်အဘယ်သူသည် တိုင်ပင်ဘက်ပြုသနည်း။" "ကျေးဇူးဆပ်တော်မူရမည်အကြောင်း၊ ထာဝရဘုရား၌ အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း။" ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကဌင်း၊ ကိုယ်တော်အားဖြင့်ဌင်း၊ ကိုယ်တော်အဘို့ အလိုငှါဌင်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင် (ရောမ ၁၁:၃၃-၃၆)။**

ပညာရပ်ဆိုင်ရာဓမ္မပညာအလယ်တွင် ဤကဲ့သို့သောသုတေသနကျမ်းအကြောင်းကို သင်နောက်ဆုံးဖတ်ခဲ့သည့်အချိန်သည် မည်သည့်အချိန်နည်း။

ရောမကျမ်း၏ ပထမအခန်းကြီး ၁၁ တွင် ဘုရားသခင်သည် မည်သူဖြစ်သည်နှင့် သူလုပ်ဆောင်ခဲ့သည့်အရာများ၏ အတိမ်အနက်ကို ကျွန်ုပ်တို့အား သွန်သင်ပေးသည်။ အခန်းတစ်ခန်းချင်းစီတွင် ပေါလုသည် နောက်ထပ်အရာတစ်ခုကို ထပ်ဖြည့်စွက်ပြီး အခန်း ၁၁ သို့ရောက်သောအခါ၊ အခန်း ၁၁ ၏အဆုံးပိုင်းတွင်၊ တမန်တော်သည် ဘုရားသခင်၏ကြီးမြတ်မှုအကြောင်း သူသိထားသမျှ အားလုံးကို ဖော်ပြနေပါသည်…ထိုနည်းဖြင့် သင်သည် ပေါလုကဲ့သို့ ဘုရားသခင်ကိုသိလာသောအခါ—သနားကြင်နာတတ်သော၊ ချစ်ခြင်း၊ တရားမျှတသော၊ ကောင်းမြတ်သော၊ တန်ခိုးကြီးသောဘုရားသခင်သည်— သင်၏ဖြစ်တည်မှု၌ ရုပ်၊ နာမ်၊ အလုံးစုံသောဝတ်ပြုကိုးကွယ်မှု၊ ကြီးကျယ်ခမ်းနားသောအမူအရာ၊ အံ့သြဖွယ်ကောင်းသော အသွင်အပြင်ကို ရှောင်လွှဲ၍မရပေ။ အဘယ်ကြောင့်ဆိုသော် သင်သည် ဘုရားသခင်မည်သူမည်ဝါဖြစ်ကြောင်း အသိအမှတ်ပြုနားလည်သဘောပေါက်သောကြောင့် ဖြစ်သည်။

**— Rev. Pablo Torres**

ယခု ကျွန်ုပ်တို့သည် ဓမ္မပညာ၏ အဓိကပန်းတိုင်သုံးခုကို ဖော်ထုတ်လိုက်ပြီဖြစ်သောကြောင့် ၎င်းတို့၏ အပြန်အလှန်မှီခိုမှုအပေါ် မှတ်ချက်ပေးသင့်သည်။ ဤအပြန်အလှန်မှီခိုမှုသည် ဤပန်းတိုင်များမှ မည်သည့်တစ်ခုကိုမှ ကျွန်ုပ်တို့လျစ်လျူမရှုနိုင်သော အရေးကြီးသောအကြောင်းရင်းတစ်ခုဖြစ်သည်။ အမှန်မှာ၊ ၎င်းတို့သည် အပြန်အလှန်ဆက်စပ်နေသည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် အခြားနှစ်ခုတွင် ခိုင်ခံ့မှုမရှိပါက နယ်ပယ်တစ်ခု၌ သန်မာနိုင်မည်မဟုတ်။

# အပြန်အလှန်မှီခိုမှု

ကျွန်ုပ်တို့သည် ဤအပြန်အလှန်မှီခိုမှုကို နည်းလမ်းသုံးမျိုးဖြင့် လေ့လာပါမည်။ ဦးစွာ၊ ရှေးရိုးစွဲဝါဒ orthodoxy သည် ဓမ္မပညာ၏အခြားပန်းတိုင်နှစ်ရပ်အပေါ် အကျိုးသက်ရောက်စေသော နည်းလမ်းအချို့ကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့နောက် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် ရှေးရိုးစွဲဝါဒ orthodoxy နှင့် မှန်ကန်သောခံစားမှု orthopathos နှစ်မျိုးလုံးကို မည်သို့အကျိုးသက်ရောက်သည်ကို သတိပြုမိပါလိမ့်မည်။ တတိယ၊ မှန်ကန်သောခံစားမှု orthopathos သည် မှန်ကန်သော အပြုအမူဆိုင်ရာ orthopraxis နှင့် ရှေးရိုးစွဲဝါဒ orthodoxy တို့၏ပန်းတိုင်များကို မည်သို့လွှမ်းမိုးသည်ကို ကျွန်ုပ်တို့သုံးသပ်ပါမည်။ ကျွန်ုပ်တို့၏ အပြုအမူနှင့် စိတ်ခံစားမှုများအပေါ် သက်ရောက်မှုရှိသော ရှေးရိုးစွဲဝါဒ orthodoxy သို့မဟုတ် မှန်ကန်သောတွေးခေါ်မှု နည်းလမ်းများကို ဦးစွာ လေ့လာကြပါစို့။

## ရှေးရိုးစွဲဝါဒ Orthodoxy

ယနေ့ဧဝံဂေလိတရားဟောပြောသူအများစုသည် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos များဖြစ်ပေါ်ရန်အတွက် ရှေးရိုးစွဲဝါဒ Orthodoxy ၏အတိုင်းအတာအချို့လိုအပ်သည်ဟုမှန်ကန်စွာယုံကြည်ကြသည်။ ကျွန်ုပ်တို့သည် သမ္မာတရားကို ဦးစွာနားလည်ရမည်၊ ထို့နောက် ၎င်းကို ကျွန်ုပ်တို့၏အသက်တာတွင် ကျင့်သုံးရမည်ဟူ၍ ပညာရပ်ဆိုင်ရာနှင့် ထင်ရှားသော ဓမ္မပညာရှင်များစွာထံမှ ကျွန်ုပ်တို့ သင်ယူကြသည်။ ခရစ်ယာန်များသည် ဤကိစ္စများနှင့်ပတ်သက်၍ ရိုးရှင်းသောအမြင်ရှုထောင့်ဖြင့် လုပ်ဆောင်ခြင်းသည် သာမာန်ဖြစ်သည်။ "ကျွန်ုပ်ယုံကြည်သောအရာသည် ကျွန်ုပ်မည်သို့အသက်ရှင်သင့်သည်ကို ဆုံးဖြတ်ပေးလိမ့်မည်။" ဤအချက် မှန်ကန်သည်မှာလည်း သေချာပါသည်။ ကျွန်ုပ်တို့ယုံကြည်သောအရာသည် ကျွန်ုပ်တို့၏အပြုအမူများနှင့် စိတ်ခံစားမှုများကို နက်ရှိုင်းစွာလွှမ်းမိုးပါသည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ရှေးရိုးစွဲဝါဒ orthodoxy တိုးပွားလာသည်နှင့်အမျှ ကျွန်ုပ်တို့ယုံကြည်လာသောအရာသည် ကျွန်ုပ်တို့၏အပြုအမူများနှင့် စိတ်ခံစားချက်များကို အတည်ပြုပေးပါလိမ့်မည်။ သင်သည် အခြားသူများအပေါ် စာနာစိတ်ရှိပြီး ၎င်းခံစားချက်သဘာဝအတိုင်း လုပ်ဆောင်လိုသူ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ လူသားမျိုးနွယ်ကဲ့သို့ ဘုရားသခင်၏ပုံသဏ္ဌာန်နှင့် ဘုရားသခင်ကိုယ်တော်တိုင်၏ ကြင်နာမှုနှင့် ကရုဏာတော်အဖြစ် ဓမ္မပညာဆိုင်ရာသဘောတရားများကို လေ့လာသည့်အခါ၊ သင်၏ရှေးရိုးစွဲဝါဒ orthodoxy ၏ နက်နဲမှုသည် သင်၏အပြုအမူများနှင့် စိတ်ခံစားမှုများကို အတည်ပြုပြီး မြှင့်တင်ပေးသည်ကို သင်တွေ့ရှိလိမ့်မည်။

သို့သော် တစ်ချိန်တည်းတွင်၊ ဧဂ္ဂုရိုးစွဲ ဓမ္မပညာဆိုင်ရာအယူအဆများသည် ကျွန်ုပ်တို့၏အပြုအမူများနှင့် ခံစားချက်များကို ပြောင်းလဲရန် မကြာခဏ စိန်ခေါ်လေ့ရှိသည်။ သင်ဟာ တစ်ကိုယ်ကောင်းဆန်မှု၊ လောဘနှင့် ရန်းကန်နေရသူတစ်ဦး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သင်သည် ဆင်းရဲသူများကို လျစ်လျူရှုပြီး သူတို့၏ဒုက္ခများကို သက်သာရာရစေရန် မည်သည့်အရာကိုမှ သင်မလုပ်ပါ။ ထို့နောက် လူသားများနှင့်ဘုရားသခင်၏ ဓမ္မပညာဆိုင်ရာ သင်၏အယူအဆများသည် ဧဂ္ဂုရိုးစွဲပိုဖြစ်လာသည်နှင့်အမျှ သင်၏အပြုအမူများနှင့် စိတ်ခံစားချက်များကို ပြောင်းလဲရန် လိုအပ်ကြောင်း တွေ့ရှိလာလိမ့်မည်။ ဧဂ္ဂုရိုးစွဲဝါဒ Orthodoxy ကိုလိုက်လျှောက်ခြင်းသည် ဤနည်းလမ်းနှင့်မရေမတွက်နိုင်သော အခြားနည်းလမ်းများဖြင့် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos တို့အပေါ် သက်ရောက်စေသည်။

> ဧဂ္ဂုရိုးစွဲဝါဒ Orthodoxy ယုံကြည်ချက်များသည်— ဆိုလိုသည်မှာ မှန်ကန်သော ယုံကြည်ချက်များ— ကျွန်ုပ်တို့၏စိတ်ခံစားမှုများ၊ လုပ်ရပ်များနှင့် ကျွန်ုပ်တို့၏ ဘဝအပေါ် အကျိုးသက်ရောက်(သင့်)သည်။ အကြောင်းမှာ ကျွန်ုပ်တို့ ယုံကြည်သောအရာကို ကျွန်ုပ်တို့၏ဘဝတွင် ဖော်ပြသင့်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်နှလုံးထဲတွင် ပြောင်းလဲရန်သာမဟုတ်ဘဲ ကျွန်ုပ်တို့၏ခံစားမှုများတွင်လည်း ပြောင်းလဲပြီးအသက်ရှင်ရန် ခေါ်ခြင်းခံရသည်။ ကျွန်ုပ်တို့ယုံကြည်သောအရာသည် ကျွန်ုပ်တို့၏ဘဝကို အသိပေးသင့်သည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်အားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ချက်များမှတဆင့်ရရှိသောသတင်းအချက်အလက်များသည်၊ နောက်ဆုံးတွင် ကျွန်ုပ်တို့ကိုပြောင်းလဲစေပြီး၊ ကျွန်ုပ်တို့၏မေတ္တာများသည် ဘုရားသခင်အလိုတော်နှင့်အညီ အမှန်တကယ်ဖြစ်လာစေရန်နှင့် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်၌ဖော်ပြထားသော ကိုယ်တော်၏အလိုတော်နှင့်အညီဖြစ်သင့်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးတော်အားဖြင့်သာ ဖြစ်နိုင်ပါသည်။
>
> **ဒေါက်တာ David Samuel**

ယခု အပြန်အလှန်မှီခိုနေသော ဓမ္မပညာ၏ပန်းတိုင်များမှ ဒုတိယနည်းလမ်းကို ဆက်လေ့လာကြပါစို့။ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် ဧဂ္ဂုရိုးစွဲဝါဒ orthodoxy နှင့် မှန်ကန်သောခံစားမှု orthopathos ကိုမည်သို့လွှမ်းမိုးသနည်း။ ကျွန်ုပ်တို့၏အပြုအမူများသည် ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့် ခံစားချက်များကို မည်သို့အကျိုးသက်ရောက်သနည်း။

## မှန်ကန်သောအပြုအမူဆိုင်ရာ Orthopraxis

ပထမတွင်၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် ကျွန်ုပ်တို့ မှန်သည်ဟုယုံကြည်ထားချက်ကို အတည်ပြု သို့မဟုတ် စိန်ခေါ်လေ့ရှိသည်။ ဥပမာအားဖြင့်၊ "ခရစ်ယာန်များ အဘယ်ကြောင့်

ဆုတောင်းသင့်သနည်း” ဟုမေးသောအခါ အတွေ့အကြုံမရှိသော ဓမ္မပညာကျောင်းသားများသည် မည်သို့ဖြစ်သွားသည်ကို သုံးသပ်ကြည့်ပါ။

ယုံကြည်သူများသည် ၎င်းတို့၏ဆုတောင်းချက်များကို ဘုရားသခင်အဖြေပေးခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံများစွာမရှိသောအခါ၊ “ဘုရားသခင်မှာထားသောကြောင့် ကျွန်ုပ်တို့ဆုတောင်းသင့်သည်” ဟူသောအဖြေမျိုးဖြင့် မေးခွန်းကို မကြာခဏတုံ့ပြန်ဖြေဆိုတတ်ကြသည်။ ဤအဖြေသည် မှန်သလောက်တော့ မှန်ပါသည်။ သို့သော် ဆုတောင်းခြင်းသူရဲကောင်းထံမှ —ရင့်ကျက်သော ဆုတောင်းခြင်းအသက်တာရှိခြင်းကြောင့် လူသိများသူ— ဤနည်းဖြင့်အဖြေကို တခါမှမကြားဖူးပါ။ ကျွန်ုပ်တို့အား ဆုတောင်းရန် သမ္မာကျမ်းစာသွန်သင်ထားသည် မှန်သော်လည်း၊ ဆုတောင်းခြင်း၏အတွေ့အကြုံမရှိခြင်းသည် ကျွန်ုပ်တို့အား ဆုတောင်းခြင်းအတွက် လှုံ့ဆော်မှုများစွာကို မတွေ့မြင်နိုင်စေရန် နှောင့်ယှက်ဟန့်တားလေ့ရှိသည်။ ထို့ကြောင့်၊ ဆုတောင်းခြင်းအလေ့အထသည် ဆုတောင်းခြင်းနှင့်ပတ်သက်၍ မှန်ကန်ကြောင်း ကျွန်ုပ်တို့နားလည်ထားသည်ကို လွှမ်းမိုးပါသည်။

ယုံကြည်သူများသည် ဆုတောင်းခြင်းတွင် ပို၍အတွေ့အကြုံများလာသောအခါ၊ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား ဆုတောင်းရန်ပေးထားသည့် အကြောင်းပြချက်အားလုံးကို ပို၍ရှင်းလင်းစွာ တွေ့မြင်နိုင်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များနှင့် ထိုက်တန်သောကြောင့် ကျွန်ုပ်တို့ဆုတောင်းပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုလိုအပ်သောကြောင့် ဆုတောင်းသည်။ ယာကုပ် ၅:၁၆ တွင် ယာကုပ်ပြောခဲ့သည့်အတိုင်း_

> **သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီး သောပဌနာ သည် အလွန်တန်ခိုးပါ၏ (ယာကုပ် ၅:၁၆)။**

ဖြောင့်မတ်သောအမူအကျင့်နှင့် ဆုတောင်းခြင်း၏အတွေ့အကြုံများသည် စစ်မှန်သောထိုးထွင်းဉာဏ်ကိုပေးပြီး၊ ဆုတောင်းခြင်းသည် မိန့်မှာထားချက်ဖြစ်ရုံသာမက၊ အစွမ်းထက်ပြီးထိရောက်သည်။ ဝိညာဉ်ရေးရာအမူအကျင့်ကင်းမဲ့ခြင်းသည် ကျွန်ုပ်တို့အား ဤဓမ္မပညာဆိုင်ရာယုံကြည်ချက်များကို ပျောက်လွင့်စေသည်။ သို့သော် သန့်ရှင်းသောအသက်ရှင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ အတည်ပြုမှုများနှင့် ကျွန်ုပ်တို့၏ယုံကြည်ချက်များကို နည်းလမ်းများစွာဖြင့် မြှင့်တင်ပေးမှုများကို တွေ့ကြုံခံစားရသည်။

၎င်းအပြင်၊ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့ဓမ္မပညာ၏ စိတ်ခံစားမှုဆိုင်ရာရှုထောင့်များကိုလည်း လွှမ်းမိုးပါသည်။ ဆိုလိုသည်မှာ၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် မှန်ကန်သောခံစားမှု orthopathos အပေါ် သက်ရောက်မှုရှိသည်။ ဥပမာအားဖြင့်၊ ယုံကြည်သူများသည် ဆိုးရွားသောအပြစ်များကို ကျူးလွန်သောအခါ၊ အပြစ်နှင့် စီရင်ချက်၏ခံစားမှုဆိုင်ရာအတွေ့အကြုံများကို ဖြတ်သန်းလေ့ရှိကြသည်။ တစ်ချိန်တည်းမှာပင်၊ ကျွန်ုပ်တို့သည် မှန်ကန်သောအရာကို လုပ်ဆောင်သောအခါ၊ ဘုရားသခင်၏ နှစ်သက်လက်ခံမှုနှင့် ကောင်းချီးမင်္ဂလာများ၏ ဝမ်းမြောက်မှုနှင့် ပျော်ရွှင်မှုကို မကြာခဏ တွေ့ရလေ့ရှိသည်။ ရှက်ကြောက်ခြင်း၊ ဝမ်းနည်းမှု၊ ယုံကြည်စိတ်ချမှုနှင့် တည်ငြိမ်မှု၊ ပျော်ရွှင်မှုနှင့် စိတ်လှုပ်ရှားမှုများသည် ကျွန်ုပ်တို့၏အပြုအမူများကြောင့် ဖြစ်တတ်ကြောင်းကို အတွေ့အကြုံအားဖြင့် သိကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မကြာသေးမီက ဘုတ်အဖွဲ့ဥက္ကဋ္ဌအဖြစ် ကျွန်ုပ်တာဝန်ထမ်းဆောင်ခဲ့သည့် အဖွဲ့အစည်းတစ်ခု၌ အကျပ်အတည်းတစ်ခု ဖြစ်ခဲ့သည်။ အထူးသဖြင့် အခြား သောဘာသာတရားများမှ စိတ်ဝင်စားမှုအချို့ဖြင့် ပြင်ပမှလာသူအချို့သည်၊ အဖွဲ့အစည်းအတွင်း ပြဿနာဖန်တီးရန် ကြိုးစားနေပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် အပေးအယူလုပ်ရန် ရွေးချယ်ခွင့်တစ်ခု ရှိခဲ့သော်လည်း၊ ကျွန်ုပ်တို့ သည် ခိုင်မာစွာရပ်တည်ပြီး မှန်ကန်သည့်အရာကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ မှားယွင်းသောငြိမ်းချမ်းရေးအတွက် အပေးအယူလုပ်မည်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဘုရားသခင်သည် ကိုယ်တော်အတွက် ကျွန်ုပ်တို့ ၏ရပ်တည်မှုကို ချီးမြောက်ခဲ့ပြီး၊ ထိုရန်သူများအားလုံး၏လက်မှ လွတ်မြောက် စေခဲ့သည်။ ထို့ကြောင့် ၎င်းသည် လူ့အသိုင်းအဝိုင်းကို ခွန်အားဖြစ်စေသည့် ပျော်ရွှင်မှုကို အမှန်တကယ်ဖြစ်စေခဲ့သည်။

**ဒေါက်တာ David Samuel**

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ရှေးရိုးစွဲဝါဒ orthodoxy သည်—စစ်မှန်သောဓမ္မပညာဆိုင် ရာအယူအဆများကို စွဲကိုင်ထားခြင်း— ကျွန်ုပ်တို့လုပ်ဆောင်သည့်အရာနှင့် ခံစားချက်များအပေါ် သက် ရောက်မှုရှိသည်။ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည်— သမ္မာတရားအတိုင်းပြုမူခြင်း — ကျွန်ုပ်တို့ ခံစားခြင်းနှင့် ယုံကြည်ခြင်းအပေါ် သက်ရောက်မှုရှိသည်။ ယခု ပန်းတိုင်များ၏အပြန်အလှန် မှီခိုမှုကို ဆက်လေ့လာကြည့်ကြပါစို့။ ကျွန်ုပ်တို့၏ မှန်ကန်သောခံစားမှု orthopathos သည်— ကျွန်ုပ် တို့၏ မှန်ကန်သောစိတ်ခံစားမှုများနှင့် သဘောထားများ — ကျွန်ုပ်တို့ယုံကြည်ပြီး လုပ်ဆောင်သည့် အရာကို မည်သို့လွှမ်းမိုးနိုင်သနည်း။

## မှန်ကန်သောခံစားမှု Orthopathos

> ကျွန်ုပ်တို့သည် ကိစ္စရပ်တွေနှင့်ပတ်သက်ပြီး စဉ်းစားပုံသည် ကျွန်ုပ်တို့၏ စိတ်ခံ စားမှုအပေါ် သက်ရောက်မှုရှိသည်ကို နေ့စဉ်အတွေ့အကြုံအားဖြင့် လူတိုင်း နားလည်သည်ဟု ထင်ပါသည်။ ထို့ပြင် အချို့ကိစ္စရပ်များကို လုပ်ဆောင်သည့် အခါ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုရှိကြောင်းလည်း နားလည်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏တွေးခေါ် ပုံနှင့် ပြုမူပုံများဆီသို့ စိတ်ခံစား ချက်များ မည်မျှဝင်လာသည်ကို မစဉ်းစားတတ်ကြပါ။ ခရစ်ယာန်ဓမ္မပညာကို သင်သည်ဆောင်ရွက်သောအခါ၊ ထိုလွှမ်းမိုးမှု၏ ဦးတည်ချက်ကို စိတ်ထဲမှတ် ထားရန် အလွန်အရေးကြီးပါသည်။ ဆိုလိုသည်မှာ ဤနည်းဖြင့်စဉ်းစားပါ။ သင်သည် စိတ်ဓာတ်ကျသည့်အခါ၊ ရှုပ်ထွေးသောအတွေးအခေါ် အယူအဆ များကို အသေးစိတ်လေ့လာရန်လှုံ့ဆော်မှု များစွာမရှိနိုင်ပါ။ ထို့ကြောင့် သင့်စိတ် ခံစားမှုများသည် ကိစ္စရပ်များကို သင်စဉ်းစားသည့်အပေါ် သက်ရောက်မှုရှိသည်။

သို့မဟုတ် ဤနည်းဖြင့်ထားနိုင်သည်။ သင်၏ မှန်ကန်သောခံစားမှု orthopathos သည်၊ သင်၏ရှေးရိုးစွဲဝါဒ orthodoxy ကို သက်ရောက်မှုရှိသည်။ သို့သော် အခြားတစ်ဖက်တွင်မူ၊ သင်သည် အခြေအနေတစ်ခုတွင် အကောင်းမြင်ပါက၊ ဉာဏ်ပညာဆိုင်ရာ ပြဿနာများနှင့် အတွေးအခေါ်အယူအဆများကို ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ထို့ကြောင့် သင့်စိတ်ခံစားမှုများသည် သင်၏စဉ်းစားပုံအား သက်ရောက်မှုရှိနေပြန်ပါသည်။ ဤအချက်သည် အလွန်အရေးကြီးပြီး ဆရာတိုင်းသိထားပါသည်။ သင်ကြားရေးတွင် အရေးပါသော အရာတစ်ခုမှာ ကျောင်းသား၏လှုံ့ဆော်မှု သို့မဟုတ် စိတ်ခံစားမှုများနှင့် ၎င်းသည် သူတို့၏စဉ်းစားတွေးခေါ်မှုပုံစံ၊ ကိစ္စရပ်များနှင့်ပတ်သက်၍ သင်ယူလေ့လာမှုအပေါ် သက်ရောက်မှုရှိသည်။ ခရစ်ယာန်ဓမ္မပညာအားဖြင့် ဤအရာအားလုံးသည် မှန်ကန်ပါသည်။ တစ်ချိန်တည်းမှာပင် စိတ်ခံစားမှုများသည်လည်း ကျွန်ုပ်တို့၏ လုပ်ရပ်များကို အကျိုးသက်ရောက်စေသည်။ ကျွန်ုပ်တို့ စိတ်ရှုပ်နေချိန်တွင် မှန်ကန်သောအရာကို လုပ်ဆောင်ရန် ခက်ခဲသည်။ ၎င်းသည် ရိုးရှင်းပါသည်။ ခရစ်ယာန်များအတွက် ခရစ်ယာန်ဓမ္မပညာကို ဆောင်ရွက်သော အခါတွင် ၎င်းတို့၏ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis အတွက် သမ္မာကျမ်းစာ၏ပတ်သက်မှုကို စတင်ကျင့်သုံးသည့်အခါ၊ သူတို့နေထိုင်ပုံ၊ ပြုမူပုံ၊ မောပန်းနွမ်းနယ်ပြီး ၊ စိတ်ရှုပ်ထွေး၊ စိတ်ဓာတ်ကျနေပါက၊ သူတို့သည်မှန်သော အရာကို လုပ်ရန်ခွန်အားရှိမယ်မဟုတ်ဟု ဆိုခြင်းသည်မှန်ပါသည်။ သို့သော် အကယ်၍သင်သည် ခွန်အားပေးခြင်းခံရလျှင် တစ်စုံတစ်ခုကိုပြီးမြောက်အောင် လုပ်နိုင်ခဲ့ခြင်းသည် သင့်အားစိတ်ချမ်းသာစေပြီး သန်မာစေသည်။ ထို့နောက် သင့်အနေဖြင့်လုပ်သင့်သည်များကို ပိုလွယ်ကူအောင် ဆက်လုပ်ပါလိမ့်မည်။ ဤသည်မှာ ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးသည်ဟုထင်ပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာ၌ပင် သခင်သည်သူ့လူများကို နာခံရန်ခေါ်သော အခါ၊ မည်သည့်အတွက်ကြောင့် နာခံသင့်သည်ဟူသည့်လှုံ့ဆော်မှုများကို မကြာခဏ ပေးလေ့ရှိသည်။ ဖြစ်ပျက်ခဲ့သော ကောင်းသောအရာများ၊ သို့မဟုတ် ဖြစ်ပျက်ခဲ့သော မကောင်းမှုများကို ဆင်ခြင်သုံးသပ်ရန်နှင့် သူတို့ကို ဝမ်းမြောက်ရန် ခေါ်တော်မူသည်။ ၎င်းစိတ်ပိုင်းဆိုင်ရာ အကျိုး သက်ရောက်မှု သည် သူတို့ကို ဘုရားသခင်ထံ နာခံမှုဖြစ်စေသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏စိတ်ခံစားမှုများသည် ကျွန်ုပ်တို့စဉ်းစားတွေးခေါ် ပုံနှင့် ကျွန်ုပ်တို့ပြုမူပုံများအားဖြင့် သက်ရောက်မှုရှိကြောင်း သိရှိနားလည်ရန် အရေးကြီးသကဲ့သို့၊ ကျွန်ုပ်တို့၏စိတ်ခံစားမှုများသည် ကျွန်ုပ်တို့၏တွေးခေါ် ပုံနှင့် ကျွန်ုပ်တို့ပြုမူပုံတို့ကို အကျိုးသက်ရောက်စေကြောင်း နားလည်ရန်လည်း အရေးကြီးပါသည်။ ထို့ကြောင့် ဤအရာအားလုံးသည် ခရစ်ယာန်ဓမ္မပညာကို လေ့လာခြင်းလုပ်ငန်းစဉ်အတွက် အရေးကြီးပါသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ဆာလံကျမ်းတွင် မှန်ကန်သောခံစားမှု orthopathos ၏ အကောင်းဆုံးဥပမာအချို့ကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ ဆာလံဆရာများ၏ စိတ်ခံစားမှုများသည် ၎င်းတို့၏တွေးခေါ် ပုံနှင့် လုပ်ဆောင်ချက်များကို တစ်နည်းမဟုတ်တစ်နည်း လှုံ့ဆော်ပေးသည်။ ဥပမာအနေဖြင့်၊ ဆာလံဆရာသည် စွန့်ပစ်ခံရသည်ဟု ခံစားမိသောအခါ၊ သူ၏ ရှေးရိုးတွေးခေါ် ပုံဖော်ပြချက်များသည် သူကြုံတွေ့ခဲ့ရသော စမ်းသပ်မှုများနှင့် ဘုရားသခင်အပေါ် သူ၏ယုံကြည်ခြင်းသည် ဤဆင်းရဲဒုက္ခကို မည်သို့အကျိုးသက်ရောက်ခဲ့ကြောင်းကို အဓိကအာရုံစိုက်ခဲ့သည်။ ဆာလံ ၁၃:၁-၃ ကို နားထောင်ပြီး ဆာလံဆရာ၏ ဝမ်းနည်းပူဆွေးမှုသည် စိတ်ရှုပ်ထွေးစေသော ဓမ္မပညာဆိုင်ရာမေးခွန်းများကို မေးရန် တွန်းအားပေးခဲ့သည်။ သူသည် အသနားခံခဲ့သည်_

**အိုထာဝရဘုရား၊ အကျွန်ုပ်ကို အလျှင်းမမှတ်ဘဲ အဘယ်မျှ ကာလပတ်လုံးမေ့လျော့တော်မူမည်နည်း။ အဘယ်မျှကာလပတ်လုံး မျက်နှာတော်ကို ကွယ်ထားတော်မူမည်နည်း။...အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်စကားကို မျက်နှာပြု၍ နားထောင်တော်မူပါ (ဆာလံ ၁၃:၁-၃)။**

အလားတူပင် ဆာလံဆရာများ၏ စိတ်ခံစားမှုများသည် သူတို့၏လုပ်ရပ်များကို လွှမ်းမိုးခဲ့သည်။ စိတ်ပျက်အားလျော့သောအခါ၊ ဆာလံဆရာများသည် တိတ်တဆိတ် မနေခဲ့ကြပါ။ ၎င်းအစား၊ သူတို့သည် ပြင်းစွာငိုကြွေးကြသည်။ သူတို့နာကျင်ခံစားကြသည်။ ဆာလံဆရာသည် ဆာလံ ၆:၆ တွင် ရေးထားသည်မှာ_

**အကျွန်ုပ်သည် ညည်းတွား၍ ပင်ပန်းလှပါ၏။ အကျွန်ုပ်ခုတင်ကို ကိုယ်မျက်ရည်၌ တညဉ့်လုံးမျော၍၊ အိပ်ရာကိုလည်း မွန်းစေပါ (ဆာလံ ၆:၆)။**

တစ်ချိန်တည်းမှာပင်၊ ဆာလံဆရာများသည် ရွှင်လန်းကြသောအခါ၊ ကခုန်ခြင်းနှင့် ချီးမွမ်းခြင်း အမူအရာများဖြင့် ဤခံစားချက်ကို ဖော်ပြကြသည်။ ဆာလံ ၃၀:၁၁ ကို ဖတ်ရှုပါက_

**ထိုအခါ အကျွန်ုပ် ညည်းတွားမြည်တမ်းခြင်းကို ကခုန်ခြင်းဖြစ်စေတော်မူ၏။ အကျွန်ုပ်ဝတ်သော လျှော် တေအဝတ်ကိုချွတ်၍၊ ဝမ်းမြောက်ခြင်း ခါးပန်းနှင့် စည်း တော်မူ၏ (ဆာလံ ၃၀:၁၁)။**

ကောင်းသောဓမ္မပညာသည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ဉာဏ်ပညာ သို့မဟုတ် ခရစ်ယာန်ယုံကြည်ခြင်း၏အပြင်ပန်းလုပ်ဆောင်မှုနှင့်သာမက၊ တစ်ခါတစ်ရံ မှန်ကန်သောခံစားမှု Orthopathos ဟုခေါ်သည့်အရာ၊ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားအပေါ် ကျွန်ုပ်တို့၏စိတ်ပိုင်းဆိုင်ရာတုံ့ပြန်ခံစားမှုအပေါ် အလေးအနက်ရှိမည်ဖြစ်သည်။ သမ္မာတရားသည် ကျွန်ုပ်တို့လူသားများအပေါ် သက်ရောက်မှုရှိသောကြောင့် သိခြင်းအဆင့်နှင့် ဉာဏ်ပညာအဆင့်၌သာ ချန်မထားရန် အရေးကြီးသည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့ အမှန်တကယ် ချစ်မြတ်နိုးသော သို့မဟုတ် ယုံကြည်သည့်အရာမှန်

> သမ္မာသည် ကျွန်ုပ်တို့ထဲ၌ စိတ်ခံစားမှုများ၊ ချစ်ခင်မှုများနှင့် ခံစားချက်များကို လှုံ့ဆော်ပေးကာ ကျွန်ုပ်တို့လူသားမျိုးနွယ်၏ "စိတ်ခံစားခြင်း"အမျိုးအစားသည် ဘုရားသခင်၏ သမ္မာတရားကို ကျွန်ုပ်တို့ဆုပ်ကိုင်ထားသောအခါတွင် ဘုရားသခင်၏ဝိညာဉ်တော်၏ စစ်မှန်သော လုပ်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။
>
> **ဒေါက်တာ Simon Vibert**

ဤအရာများအားလုံးသည် ရှေးရိုးစွဲဝါဒ orthodoxy, မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos များ၏ ပန်းတိုင်သုံးခုသည် တစ်ခုနှင့်တစ်ခု မခွဲခြားနိုင်ဟု ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် အပြန်အလှန်အလွန်မှီခိုနေကြသည်။ ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်သည့်အခါ ကျွန်ုပ်တို့ယုံကြည်သောအရာသည် ကျွန်ုပ်တို့၏လုပ်ရပ်များနှင့် သဘောထားများအပေါ် သက်ရောက်မှုရှိကြောင်း အမြဲသတိရနေရပါမည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုများသည် ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့် စိတ်ခံစားချက်များကို လွှမ်းမိုးပါသည်။ ကျွန်ုပ်တို့၏ စိတ်ခံစားမှုများသည် ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့် လုပ်ရပ်များကိုလည်း ထိခိုက်စေပါသည်။

ဓမ္မပညာ၏ အဓိကပန်းတိုင်သုံးခု၏ အပြန်အလှန်မှီခိုမှုကို နားလည်ခြင်းသည် အရေးကြီးသော ကိစ္စတစ်ရပ်ကို ပေါ်ပေါက်စေသည်။ ကျွန်ုပ်တို့သည် ဓမ္မပညာ၏ပန်းတိုင်များကို လိုက်နာရာတွင် မည်သည့်အရာများကို ဦးစားပေးသတိပြုသင့်သနည်း။ ကျွန်ုပ်တို့သည် ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သို့မဟုတ် မှန်ကန်သောခံစားမှု orthopathos ကို ပို၍အာရုံစိုက်သင့်ပါသလား။

## ဦးစားပေးခြင်းများ

ခရစ်ယာန်များသည် တစ်ဦးနှင့်တစ်ဦး ပုံစံအမျိုးမျိုးဖြင့် အလွန်ကွာခြားနိုင်ကြောင်း ကျွန်ုပ်တို့အားလုံးသိကြသည်။ ဤကွာခြားမှုအချို့သည် ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားသည့် ပင်ကိုယ်စရိုက်များမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ အခြားကွာခြားချက်များသည် ကျွန်ုပ်တို့၏ အခြေအနေအမျိုးမျိုးမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အချို့တို့သည် ကျွန်ုပ်တို့အတွင်း၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်၏ သဘာဝလွန်လုပ်ဆောင်မှုမှ ဖြစ်လာကြသည်။ ဘုရားသခင်သည် ခရစ်တော်၏ကိုယ်ခန္ဓာကို ဤအရာများနှင့် ကွဲပြားစေရန် အခြားနည်းလမ်းများစွာဖြင့်ပုံစံပြုခဲ့သည်။ များစွာသော ကဏ္ဍများတွင်၊ ကျွန်ုပ်တို့၏ မတူညီသော ကိုယ်ရည်ကိုယ်သွေးများ၊ အခြေအနေများ သို့မဟုတ် ကျွန်ုပ်တို့အတွင်း၌ရှိသော ဘုရားသခင်၏ဝိညာဉ်တော်၏ အထူးလုပ်ဆောင်မှုသည် ဓမ္မပညာ၏ အဓိကပန်းတိုင်သုံးခုအား ကျွန်ုပ်တို့ ဦးစားပေးမှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ ကျွန်ုပ်တို့အားလုံးသည် အခြားပန်းတိုင်များထက် ပန်းတိုင်တစ်ခု သို့မဟုတ် နှစ်ခုကို ပို၍နှစ်သက်ကြပါသည်မှာ အံ့သြစရာမဟုတ်ပါ။ သို့သော် ခရစ်ယာန်တိုင်း လိုက်နာသင့်သည့် မှန်ကန်သောဦးစားပေးအစီအစဉ်တစ်ခု ရှိပါသလား။ ရှေးရိုးစွဲဝါဒ Orthodoxy၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos တို့ကို ချဉ်းကပ်ရန် မှန်ကန်သောနည်းလမ်းတစ်ခု ရှိပါသလား။

ဧဝံဂေလိတရားဟောပြောသူများစွာသည် ဤမေးခွန်းအတွက် ရိုးရှင်းသောအဖြေတစ်ခုရှိကြသည်။ ၎င်းတို့သည်ရှေးရိုးစွဲဝါဒ orthodoxy ကို ပထမနေရာ၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis အတွက် ဒုတိယနေရာနှင့် မှန်ကန်သောခံစားမှု orthopathos အတွက် တတိယနေရာကို အမြဲပေးသင့်သည်ဟု အခိုင်အမာဆိုကြသည်။ ကျွန်ုပ်တို့မကြာခဏကြားရသည့်အတိုင်း "မှန်ကန်စွာ တွေးပါ၊ မှန်ကန်စွာလုပ်ပါ။ ထို့နောက် သင်သည်မှန်ကန်စွာခံစားရလိမ့်မည်။"

ယခု၊ ရှေးရိုးစွဲဝါဒ orthodoxy သည် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ကိုဖြစ်ပေါ်စေပြီး၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သည် မှန်ကန်သောခံစားမှု orthopathos သို့ပို့ဆောင်ပေးနိုင်သည်မှာ မှန်ပါသည်။ သို့သော်ဤဦးစားပေးခြင်းများကို တစ်ချိန်လုံး လိုက်နာသည့်အခါ ပြဿနာတစ်ခု ပေါ်လာပါသည်။ အများအားဖြင့် ကျွန်ုပ်တို့သည်ပထမခြေလှမ်းထက် မည်သည့်အခါမှ ကျော်လွန်မည်မဟုတ်။ ကျွန်ုပ်တို့သည် ရှေးရိုးစွဲဝါဒ orthodoxy အပေါ် အလွန်အာရုံစိုက်သောကြောင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်နှင့် ခံစားချက်ဆိုင်ရာဓမ္မပညာကို လျစ်လျူရှုထားသည် သို့မဟုတ် ဤအခြားပန်းတိုင်များကို သာမညအဖြစ် ယူဆကြပါသည်။ ဝမ်းနည်းစွာဖြင့်၊ ဤပန်းတိုင်များ၏ အပြန်အလှန်မှီခိုမှုကြောင့် ကျွန်ုပ်တို့၏အပြုအမူများနှင့် စိတ်ခံစားချက်များကို အာရုံစိုက်မှုနည်းပါးသောအခါ၊ ကျွန်ုပ်တို့၏ ရှေးရိုးစွဲဝါဒ orthodoxy ကို လျော့နည်းသွားစေသည်။

ဓမ္မပညာရှိ အတွေးအခေါ်များ၊ လုပ်ဆောင်ချက်များနှင့် စိတ်ခံစားမှုများသည် လူ့ခန္ဓာကိုယ်၏ အရေးကြီးသော စနစ်များကဲ့သို့ အချင်းချင်းအပြန်အလှန် ဆက်စပ်နေသည်။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်တွင် အရေးကြီးသောစနစ်များစွာရှိသည်_ဗဟိုအာရုံကြောစနစ်၊ အစာခြေစနစ်၊ နှလုံးသွေးကြောစနစ်နှင့် အခြားစနစ်များ တို့ဖြစ်သည်။ ယခု ဤစနစ်များထဲမှ မည်သည့်စနစ်ကို ဦးစားပေးသင့်သနည်း။ ဤစနစ်များအကြား အပြန်အလှန်ချိတ်ဆက်မှုများကို စီမံခန့်ခွဲရန် သင့်လျော်သောညွှန်ကြားချက်မှာ အဘယ်နည်း။ အာရုံကြောစနစ်သည် အစာခြေစနစ်အပေါ် မည်သို့သက်ရောက်မှုရှိသည်ကို စဉ်းစားနိုင်သော်လည်း၊ အစာခြေစနစ်သည် အာရုံကြောစနစ်အပေါ် မည်သို့သက်ရောက်မှုရှိသည်ကိုလည်း စဉ်းစားနိုင်ပါသည်။ ဤအပြန်အလှန်ချိတ်ဆက်မှုများမှတဆင့် ကျွန်ုပ်တို့၏နည်းလမ်းကိုလုပ်ဆောင်ရန် တရားဝင်ပြီး အသုံးဝင်သော နည်းလမ်းများစွာရှိပါသည်။

အလားတူပင်၊ ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos တို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ရှာဖွေမှုများသည် များစွာအကျိုးပြုသော ဝက်ဘ်ဆိုက်များဖြစ်လာသည်ကို တွေ့မြင်ရသည်။ ဆိုလိုသည်မှာ၊ ၎င်းတို့အားလုံးသည် မရေမတွက်နိုင်သော နည်းလမ်းများဖြင့် အချင်းချင်း လွှမ်းမိုးကြသည်။ ၎င်းတို့၏ဆက်ဆံရေးတွင် တစ်ပြေးညီဖြစ်နေရမည့်အစား၊ တစ်ပြေးညီမရှိခြင်း သို့မဟုတ် အပြန်အလှန်အားဖြင့်၊ ကျွန်ုပ်တို့သည် ဦးစားပေးတစ်ခု မသတ်မှတ်နိုင်တော့ပါ။ ကျွန်ုပ်တို့သည် မှန်ကန်စွာတွေးသင့်သည်။ သို့မှသာ မှန်ကန်စွာလုပ်ဆောင်နိုင်ပြီး၊ မှန်ကန်စွာခံစားမည်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မှန်ကန်သောနည်းလမ်းကို စဉ်းစားတွေးတောပြီး မှန်ကန်စွာခံစားနိုင်ရန် မှန်ကန်ရာကိုလည်း လုပ်သင့်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မှန်ကန်စွာစဉ်းစားပြီး မှန်ကန်စွာလုပ်ဆောင်နိုင်ရန်အတွက် မှန်ကန်သောနည်း

လမ်းဖြင့် ခံစားသင့်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏လူတို့ကို ဓမ္မပညာ၏ပန်းတိုင်များဆီသို့ နည်းအမျိုးမျိုးဖြင့် ပို့ဆောင်ပေးသည်။

> ရှေးရိုးစွဲဝါဒ Orthodoxy, မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis, မှန်ကန်သောခံစားမှု orthopathos တို့၏ ဆက်နွယ်မှုသည် ခရစ်ယာန်တစ်ဦး၏ လူသားအကြောင်းနားလည်မှု၊ ရွေးနှုတ်ခြင်း၊ ခရစ်တော်၏ပုံသဏ္ဍာန်နှင့်ညီညွတ်ခြင်း၏ အဓိကဖြစ်သည်...ကျွန်ုပ်တို့၏ယုံကြည်ချက်များ၊ ကျွန်ုပ်တို့လုပ်ဆောင်သည့်အရာနှင့် ကျွန်ုပ်တို့၏ဆန္ဒများအားလုံးသည် အတူတကွစုစည်းကာ သင်္ကေတတစ်ခုအနေဖြင့်၊ ကျွန်ုပ်တို့၏ပြန်လည်တည်ဆောက်ခြင်းနှင့် ရွေးနှုတ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ကြသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုနာခံရန်၊ အခြားသူများကိုချစ်ရန်တို့ကို နှလုံးသားပါလျှက် လုပ်ဆောင်ရန်နှင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့သည်အမှန်တကယ် လွတ်မြောက်သူများဖြစ်ကြောင်း၊ ဧဝံဂေလိတရား၏ အခြေခံပန်းတိုင်နှင့် ရလဒ်အဖြစ် ပေါ်လုနားလည်ထားသည်။ ၎င်းသည် တောင်ပေါ်တရားဒေသနာတွင် သခင်ယေရှု၏ မိန့်တော်မူချက် အတိအကျပင်ဖြစ်သည်။ ယေရှုသည် “သင်၏ဖြောင့်မတ်ခြင်းသည် ကျမ်းပြုဆရာများနှင့် ဖာရိရှဲများထက်သာလွန်ရမည်” ဟုမိန့်တော်မူသည်။ ဆိုလိုသည်မှာ သင်သည် မှန်သောအရာများကို လုပ်ဆောင်ရန်လိုအပ်သည်။ သို့သော် လျှို့ဝှက်သော၊ အကျင့်တရားဆိုင်ရာလှုံ့ဆော်မှုများအတွက် ၎င်းကို မလုပ်ပါနှင့်။ နှလုံးသားပါလျှက်လုပ်ဆောင်ပါ။ ထို့ကြောင့်၊ ကယ်တင်ခြင်းသည် အဘယ်အရာဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့လူသားမျိုးနွယ်ဆီသို့ ယူဆောင်လာပေးသည့် ဧဝံဂေလိတရား၏ အခြေခံအကျိုးအဖြစ် ယေရှုမြင်သည်။
>
> **ဒေါက်တာ Jeff Dryden**

ထိုသို့ဆိုလျှင် အဘယ်အရာလုပ်ဆောင်ရမည်ကို မည်သို့ဆုံးဖြတ်မည်နည်း။ မှန်ကန်သောတွေးခေါ်မှု၊ လုပ်ဆောင်မှု သို့မဟုတ် ခံစားချက်ကို အလေးထားခြင်း ရှိ၊ မရှိ မည်သို့ ဆုံးဖြတ်မည်နည်း။ အဖြေသည် မည်သည့်အခြေအနေတွင်ဖြစ်စေကာမူ အလိုအပ်ဆုံးဖြစ်သော ဓမ္မပညာ၏ပန်းတိုင်များကို ဦးစားပေး၍ အလေးပေးဆောင်ရွက်ရန် ဉာဏ်ပညာကို ပြုစုပျိုးထောင်ရမည်ဖြစ်ပါသည်။

နည်းလမ်းများစွာဖြင့်၊ ကျွန်ုပ်တို့သည် လှုပ်နေသောသင်္ဘောကုန်းပတ်ပေါ်တွင် ကျွန်ုပ်တို့၏ဟန်ချက်ကို ထိန်းသိမ်းထားသကဲ့သို့ ဓမ္မပညာ၏ပန်းတိုင်များကို ဟန်ချက်ညီစေရန် စဉ်းစားရာတွင် ကူညီပေးသည်။ ဘဝ၏ကုန်းပတ်သည် အမြဲရွေ့လျားနေတာကြောင့်၊ ဟန်ချက်ညီမှုသည် တဒင်္ဂထပ်တူကျခြင်းမျှသာ ဖြစ်နိုင်သည်။ ရွေ့လျားနေသော ကုန်းပတ်ပေါ်တွင် ရပ်တည်ရန်၊ ကျွန်ုပ်တို့သည် တစ်နည်းနှင့်နောက်တစ်နည်းကို ထပ်ခါထပ်ခါ မှီခိုရပေမည်။ အကယ်၍ ကျွန်ုပ်တို့သည် လက်ရှိအခိုက်အတန့် လိုအပ်ချက်များကို လိုက်လျောညီထွေပြောင်းလဲရန် ပျက်ကွက်ပါက၊ ကျွန်ုပ်တို့သည် သေချာပေါက် ပြုတ်ကျမည်ဖြစ်သည်။

အလားတူပင်၊ ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်ရာတွင် အခြေအနေတစ်ခုစီတွင် မည်သည့် ဓမ္မပညာ၏ပန်းတိုင်ကို အလေးအနက်ထားရန်လိုအပ်ကြောင်း မိမိကိုယ်ကိုမေးရန် လိုအပ်သည်။ "ကျွန်ုပ်သည် ဤအချိန်တွင် မည်သည့်ဓမ္မပညာဆိုင်ရာပန်းတိုင်ကို အလေးထားရန်လိုအပ်သနည်း" "ယခု ကျွန်ုပ်ပတ်ဝန်းကျင်မှလူများ မည်သည့်အရာအလိုအပ်ဆုံးနည်း" "မှန်ကန်သောတွေးခေါ်မှု၊ မှန်ကန်သောအပြုအမူ သို့မဟုတ် မှန်ကန်သောစိတ်ခံစားမှုကို ကျွန်ုပ်ဦးစားပေးသင့်ပါသလား။ "ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis သို့မဟုတ် မှန်ကန်သောခံစားမှု orthopathos ကိုကျွန်ုပ် အလေးပေးသင့်ပါသလား။" ထို့နောက် ကျွန်ုပ်တို့သည် ထိုအချိန်အတွက် သင့်လျော်သော လမ်းညွှန်မှုကို ချမှတ်ပြီး ဓမ္မပညာ၏ပန်းတိုင်အားလုံးကို ကျွန်ုပ်တို့၏စိတ်နှလုံးအကြွင်းမဲ့ လိုက်နာကြသည်။

ကျွန်ုပ်တို့၏ ဦးစားထားရာများကို မည်သို့ပြောင်းလဲရမည်ကို မလေ့လာပါက၊ ကျွန်ုပ်တို့တစ်ဦးချင်းစီနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အခြားသူများထံ ထိခိုက်မှုများစွာရှိလာနိုင်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ထိပ်တန်းဦးစားပေးအဖြစ် ရှေးရိုးစွဲဝါဒ orthodoxy ကို အမြဲလိုက်နာပါက၊ ဓမ္မပညာ၏ အခြားပန်းတိုင်များကို အလွယ်တကူလျစ်လျူရှုကာ ဉာဏ်ပညာဝါဒသို့ ထိမိ၍လဲကြသည်။ ကျွန်ုပ်တို့သည် ဓမ္မပညာ၏ အခြားပန်းတိုင်များကို လျစ်လျူရှုခြင်းအတွက် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis ကို အမြဲအလေးပေးပါက၊ ကျွန်ုပ်တို့သည် အကျင့်တရားဝါဒသို့ အလွယ်တကူ ရောက်သွားပါသည်။ ကျွန်ုပ်တို့သည် ဓမ္မပညာ၏အခြားပန်းတိုင်များကို လျစ်လျူရှုခြင်းအတွက် မှန်ကန်သောခံစားမှု orthopathos ကို အမြဲအလေးပေးမည်ဆိုပါက၊ ကျွန်ုပ်တို့သည် စိတ်ခံစားမှုပိုင်းဆိုင်ရာသို့ အလွယ်တကူ ရောက်သွားနိုင်သည်။ သို့သော် ဘဝဇာတ်ခုံသည် တစ်နည်းမဟုတ်တစ်နည်းသို့ ပြောင်းလဲသွားသည်နှင့် အမျှ ဤပန်းတိုင်များကို မည်သို့ဟန်ချက်ညီရမည်ကို သင်ယူခြင်းသည် ကျွန်ုပ်တို့အား ဤအစွန်းရောက်မှုများကို ရှောင်ရှားရန် အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့တစ်ဦးစီသည် အောက်ပါမေးခွန်းကို မေးဖို့လိုအပ်သည်။ "ဤသဘောထားများမှ မည်သည့်သဘောထားများသည် ဓမ္မပညာအပေါ် ကျွန်ုပ်ချဉ်းကပ်ပုံကို ဖော်ပြသနည်း။ ကျွန်ုပ်သည် ဉာဏ်ပညာဝါဒသို့ ကျရောက်နေပါသလား။ ကျွန်ုပ်သည် အကျင့်တရားဝါဒ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဝါဒ သို့မဟုတ် ၎င်းတို့ပေါင်းစပ်ထားသည့်ဝါဒသို့ ဦးတည်နေပါသလား။ ကျွန်ုပ်တို့၏ သဘာဝသဘောထားများ မည်သို့ပင်ရှိပါစေ၊ ကျွန်ုပ်တို့ လျစ်လျူရှုလေ့ရှိသော ဓမ္မပညာ၏ပန်းတိုင်များကို အာရုံစိုက်ရန် ကျွန်ုပ်တို့ ကြိုးစားအားထုတ်ရန် လိုအပ်ပါသည်။ ထို့နောက် ဘုရားသခင်၏ဘုန်းတော်နှင့် ကျွန်ုပ်တို့၏အဆုံးမဲ့ပျော်ရွှင်မှုကိုဖြစ်စေသော ဓမ္မပညာတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

> ဘုရားသခင်သည် လူ၏စိတ်သဘောမျှသာမဟုတ်ဘဲ၊ ခံစားမှုရှိသူများအဖြစ်၊ တွေးခေါ်တတ်သူများအဖြစ်၊ လှုပ်ဆောင်တတ်သူများအဖြစ် လူသား၏ပုဂ္ဂိုလ်ဖြစ်ခြင်းဆိုင်ရာအားလုံးကို ဖန်ဆင်းခဲ့ကြောင်း မှတ်သားထားရန် အရေးကြီးသည်ဟု ကျွန်ုပ်ထင်ပါသည်။ ထို့ကြောင့်၊ သခင်ယေရှုသည် သခင်ဘုရားအား ကျွန်ုပ်တို့၏စိတ်နှလုံး၊ ဉာဏ်၊ ဝိညာဉ်နှင့် အစွမ်းသတ္တိအကြွင်းမဲ့ဖြင့်ချစ်ရန် မိန့်တော်မူသောအခါ၊ ၎င်းသည်လူသား၏ပုဂ္ဂိုလ်ဖြစ်ခြင်းဆိုင်ရာ အလုံးစုံဖြစ်သည်။ နယ်ပယ်တစ်ခုတွင် အစွန်းရောက်မှုကိုရှောင်ရှားရန် နည်းလမ်းတစ်ခုသည် လူတစ်ဦး၏ရှုထောင့်များအားလုံးတွင် ဘုရားသခင်ကို ချစ်ရန်ဖြစ်သည်ဟု ကျွန်ုပ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထင်ပါသည်။ ထို့ကြောင့် တစ်နည်းအားဖြင့်ဆိုရသော်၊ အကယ်၍ တစ်စုံတစ်ယောက်သည် ဘုရားသခင်ကို ချစ်ခြင်း၌ အလွန်စိတ်လှုပ်ရှားနေလျှင်၊ ငိုကြွေးကာပျော်ရွှင်နေမည်ဆိုလျှင်၊ ဤလူသည် သမ္မာကျမ်းစာကို နက်နဲစွာဆင်ခြင်ခြင်းတွင် အမြစ်တွယ်နေရန် လိုအပ်သည်။ ၁ ကောရိန္သု ၁၄ တွင် ဘုရားသခင်သည် ပေါလုအားဖြင့် ကျွန်ုပ်တို့အား ပြောသည်မှာ၊ ဘုရားသခင်သည် ရှုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူ။ သန့်ရှင်းသူတို့၏ အသင်းတော်အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့် ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏ ဟုဆိုသည်။ ထို့ကြောင့်၊ ထိုအရာချို့တဲ့နေသည့်နေရာတွင်၊ ထိုသို့သောလူ့အသိုက်အဝန်းသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ အသက်ရှင်ခြင်းမဟုတ်ဟု ကျွန်ုပ်ထင်ပါသည်။ သူတို့ကို သွန်သင်ပေးရန် လိုသည်။ သူတို့သင်ယူဖို့ လိုသည်။ ဉာဏ်ပညာဆိုင်ရာသင်ယူမှုနှင့် ကြီးထွားမှုရှိရန် လိုသည်။ ထိုနောက် ဟန်ချက်ညီစွာ ထုတ်ဖော်ပြသနိုင်သည့်ရလဒ်များ —ပျော်ရွှင်မှု၊ စိတ်ခံစားမှု၊ စိတ်အားထက်သန်မှု၊ သို့သော် ထိန်းမရသည့် အပြုအမူမဟုတ်ပါ။

**ဒေါက်တာ Robert L. Plummer**

ယခု ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ပန်းတိုင်များကို လေ့လာပြီးနောက်၊ တတိယစာစောင်ဖြစ်သော၊ လေ့လာမှုနယ်ပယ်တစ်ခုအဖြစ် ဓမ္မပညာဖွဲ့စည်းပါဝင်သည့် အကြောင်းအရာများ သို့မဟုတ် အကြောင်းကိစ္စများကို သုံးသပ်ကြည့်သင့်သည်။

# အကြောင်းအရာများ

---

တစ်စုံတစ်ဦးအား ဓမ္မပညာဆိုင်ရာလုပ်ငန်းနှင့် မိတ်ဆက်ပေးခြင်းသည် တစ်စုံတစ်ဦးအား စကြာဝဠာသို့ မိတ်ဆက်ပေးခြင်းနှင့် တူသည်။ ယုတ်စွအဆုံးဆိုရပါက တုန်လှုပ်စရာလုပ်ငန်းတာဝန်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဤသင်ခန်းစာများတွင်၊ ဓမ္မပညာ၌ ကျွန်ုပ်တို့၏အာရုံစိုက်မှုကို အကြောင်းအရာအနည်းငယ်မျှနှင့် ကျဉ်းမြောင်းသွားစေရမည်ဖြစ်သည်။

ကျွန်ုပ်တို့ကိုစိတ်ဝင်စားစေမည့် အကြောင်းအရာများကို နားလည်ရန် ကိစ္စနှစ်ခုကို ဆွေးနွေးပါမည်။။ ပထမ၊ ဓမ္မပညာရှင်များရှေ့ရှိ ရွေးချယ်မှုများနှင့် ဒုတိယ၊ ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့ပြုလုပ်မည့် ရွေးချယ်မှုများ။ ဓမ္မပညာကိုလေ့လာမည့်သူတိုင်း စောင့်မျှော်နေသောရွေးချယ်မှုများကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ရွေးချယ်မှုများ

လူတို့သည် ဓမ္မပညာကို အလေးအနက် စတင်ရှာဖွေကြသောအခါတွင်၊ နယ်ပယ်ကျယ်ဝန်းမှု ကြောင့် ၎င်းတို့သည်မကြာခဏ လွှမ်းမိုးခံရသည်။ ဓမ္မပညာကို အကြောင်းအရာစာရင်းရှည် လွှမ်းခြုံထားသည်ဟု မှတ်ယူလေ့ရှိသည်။ ခရစ်ယာန်ယုံကြည်ခြင်း၏ အနှစ်နှစ်ထောင်တစ်လျှောက်လုံးတွင်၊ ဓမ္မပညာအပေါ် များစွာအာရုံစိုက်သူများကို သိမ်းပိုက်ရယူရန် အကြောင်းအရာများစွာ ရောက်ရှိလာခဲ့သည်။ အကြောင်းအရာများစာရင်းသည် အသင်းတော်များတစ်ခုနှင့်တစ်ခု ကွဲပြားသော်လည်း ကျွန်ုပ်တို့သည် အဓိကဓမ္မပညာဆိုင်ရာအမျိုးအစားများစွာကို အမည်တပ်နိုင်သည့် လုံလောက်သောတူညီမှုများ ရှိပါသည်။

ဓမ္မပညာကို ရှာဖွေခြင်းတွင် ပုံမှန်အားဖြင့် လက်တွေ့ကျသော အကြောင်းအရာအချို့ပါဝင်သည်_

- တာဝန်များ
- ဧဝံဂေလိတရား
- ထုချေခြင်း— သို့မဟုတ် ယုံကြည်ခြင်းကို ကာကွယ်ခြင်း။
- ဝတ်ပြုကိုးကွယ်မှု
- ကရုဏာသာသနာများ
- သင်းအုပ်ဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့်
- ဟောပြောခြင်း— သို့မဟုတ် တရားဟောခြင်း

၎င်းတွင် သီအိုရီ သို့မဟုတ် ကောက်နုတ်ချက်အကြောင်းအရာများကဲ့သို့သော ကျယ်ပြန့်သော အကြောင်းအရာများစွာလည်း ပါဝင်သည်_

- Soteriology - ကယ်တင်ခြင်းဆိုင်ရာ အယူဝါဒ
- ecclesiology - အသင်းတော်ဆိုင်ရာ အယူဝါဒ
- anthropology - လူသားဆိုင်ရာ အယူဝါဒ
- pneumatology — သန့်ရှင်းသောဝိညာဉ်တော်ဆိုင်ရာ အယူဝါဒ
- Christology - ခရစ်တော်ဆိုင်ရာ အယူဝါဒ
- theology proper—ဘုရားသခင်ဆိုင်ရာ အယူဝါဒ
- eschatology — နောက်ဆုံးသောကာလဆိုင်ရာ အယူဝါဒ
- biblical theology — သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော ရွေးနုတ်ခြင်းဆိုင်ရာ ဓမ္မပညာ
- systematic theology—သမ္မာကျမ်းစာသွန်သင်ခြင်းဆိုင်ရာ ကျိုးကြောင်းဆီလျော်သောအစီအစဉ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

- historical theology — အသင်းတော်သမိုင်းတွင် အယူဝါဒများ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ခြေရာခံခြင်း နှင့်
- hermeneutics — သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုချက်

ယခုအခါ အများအားဖြင့်၊ အစဉ်အလာပညာရပ်ဆိုင်ရာ ဓမ္မပညာသည် ရှေးရိုးစွဲဝါဒ orthodoxy ၏ ရှုထောင့်မှ ဤအကြောင်းအရာများအပေါ် သို့မဟုတ် ဤကိစ္စများနှင့်ပတ်သက်၍ မှန်ကန်သော စဉ်းစားတွေးခေါ် ပုံကို အဓိကအာရုံစိုက်ထားသည်။ ပုံမှန် ဓမ္မတက္ကသိုလ်စာသင်ခန်းတစ်ခုသည် ဤ အကြောင်းအရာများထဲမှ သက်ဆိုင်သော သဘောတရားများကိုဖြောင့်တန်းစွာရရှိရန် အာရုံစိုက်ပါ လိမ့်မည်—လူတိုင်း မှန်ကန်စွာတွေးခေါ် နိုင်စေရန် သေချာစေပါသည်။ ရံဖန်ရံခါ၊ ဓမ္မတက္ကသိုလ် စာသင်ခန်းများသည် သင်ယူမှုစွမ်းရည်အပေါ် အာရုံစိုက်ကြလိမ့်မည်။ ဝတ်ပြုကိုးကွယ်ခြင်း၊ ဧဝံဂေလိ တရား၊ အကြံဉာဏ်ပေးခြင်းနှင့် ဟောပြောခြင်း—တရားဟောခြင်း—တို့ကို အာရုံစိုက်သည့် အတန်းများ သည် ပုံမှန်အားဖြင့် ကျွမ်းကျင်မှု သို့မဟုတ် မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis အတွက် သိသိ သာသာအလေးထားသည်။ ဝမ်းနည်းစွာဖြင့်၊ ဟောပြောခြင်းအတန်း၌ပင်လျှင် မှန်ကန်သောခံစားမှု orthopathos သို့မဟုတ် ဓမ္မပညာ၏ စိတ်ခံစားမှုဆိုင်ရာရှုထောင့်များကို ဓမ္မတက္ကသိုလ်စာသင်ခန်း များသည် အာရုံမစိုက်ကြပေ။ သို့တိုင်၊ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့လေ့လာခဲ့ပြီးသည့်အတိုင်း၊ ဓမ္မပညာ ၏အကြောင်းအရာများအတွက် ပြည့်စုံသောချဉ်းကပ်မှုတစ်ခုသည် ဦးတည်ချက်သုံးရပ်စလုံးတွင် ကျွန်ုပ် တို့၏အလေးထားမှုကို နက်ရှိုင်းစေရန်လိုအပ်သည်။ ထို့ကြောင့်၊ ဓမ္မပညာကို လေ့လာသူကျောင်းသား တစ်ဦးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်သည် ကြီးမားလှသည်ကို ကျွန်ုပ်တို့သိနိုင်သည်။ ဓမ္မပညာ၏အကြောင်းအရာတိုင်းတွင်၊ လိုက်နာရန်မရေမတွက်နိုင်သောလမ်းညွှန်ချက်များရှိသည်။

သင်စိတ်ကူးကြည့်နိုင်သည့်အတိုင်း၊ ကျွန်ုပ်တို့၏ဓမ္မပညာကိုတည်ဆောက်ရာတွင် ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် ရှုပ်လျားသောအကြောင်းအရာများစာရင်းနှင့် ရွေးချယ်စရာများစွာသည် ရွေးချယ်မှုများ ပြုလုပ်ရန် လိုအပ်ချက်သို့ ဦးတည်စေသည်။ ကျွန်ုပ်တို့ ဆက်လက်လိုက်နာမည့်အကြောင်းအရာများနှင့် အလေးပေးမှုများကို ရွေးချယ်ရမည်ဖြစ်သည်။

## ရွေးချယ်မှုများ

အိမ်ဆောက်သူတိုင်းသည် အခြားသူများလုပ်ခဲ့သည့်အရာများမှ သင်ယူခြင်းသည် ကောင်းသည် ဟု သင့်အားပြောပါလိမ့်မည်။ သို့သော် တစ်ချိန်တည်းတွင်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် ၎င်း တို့၏ကိုယ်ပိုင်ပရောဂျက်များကို ပြီးမြောက်ရန် လုပ်ဆောင်ရမည့်အရာများကိုလည်း ဆုံးဖြတ်ရမည် ဖြစ်သည်။ နည်းလမ်းများစွာတွင်၊ ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရာတွင် အလားတူ ပင်ဖြစ်သည်။ ခရစ်တော်၏ အခြားနောက်လိုက်များထံမှ သင်ယူရခြင်းသည် ကောင်းပါသည်။ သူတို့ ဖော်ထုတ်ခဲ့သည့် အကြောင်းအရာများနှင့် ၎င်းအကြောင်းအရာများကို မည်သို့ကိုင်တွယ်ခဲ့ကြသည် ဆိုရာမှ သင်ယူစရာများစွာ ရှိပါသည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ကျွန်ုပ်တို့တစ်ဦးစီသည် ကျွန်ုပ် တို့၏ကိုယ်ပိုင်ဓမ္မပညာကိုတည်ဆောက်ရန် မည်သည့်အရာလုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရပေမည်— ဘုရားသခင်ထံ ကျွန်ုပ်တို့၏အမှုတော်ကို ပိုမိုတိုးတက်စေမည့် ဓမ္မပညာ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မပညာ၏ကျောင်းသားသစ်များ ရင်ဆိုင်ရမည့် ကြီးမားသည့်အန္တရာယ်တစ်ခုရှိသည်။ ဓမ္မပညာဆိုင်ရာအကြောင်းအရာများ၏ အရေအတွက်နှင့် ရှုပ်ထွေးမှုသည် အလွန်များပြားနိုင်ပါသည်။ အမှန်ဆိုရလျှင်၊ နယ်ပယ်သည် အလွန်ကြီးမားသောကြောင့် ကျောင်းသားများစွာသည် ဤအကြောင်းအရာများ၏ အပေါ်ယံအချက်အလက်များကို လေ့လာရုံထက် အနည်းငယ်မျှသာ ပို၍လုပ်ဆောင်နိုင်သည်။ ရလဒ်အနေဖြင့်၊ ကျောင်းသားများသည် အခြားရှုထောင့်များကို လေ့လာရန် အချိန်အနည်းငယ်သာရှိသောကြောင့် ၎င်းတို့သည် ရှေးရိုးစွဲဝါဒ orthodoxy ကို သီးသန့်နီးပါးအာရုံစိုက်နေကြသည်ကို တွေ့ရှိရသည်။

ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့သည် များပြားလှသော ဓမ္မပညာဆိုင်ရာအကြောင်းအရာများဖြင့် လွှမ်းမိုးခြင်းကို ရှောင်ရှားလိုပါသည်။ ထို့ကြောင့်၊ ဓမ္မပညာ၏စွယ်စုံကျမ်းတစ်ခုလုံးကို မိတ်ဆက်ပေးရန်ကြိုးစားခြင်းထက်၊ ကျွန်ုပ်တို့သည် အကြောင်းအရာအနည်းငယ်ကိုသာ ရွေးချယ်ပြီး မိမိတို့ကိုမိမိ ကန့်သတ်မည်ဖြစ်သည်။ ကျွန်ုပ်တို့ရှေ့ဆက်၍လေ့လာနေသည်နှင့်အမျှ သင်းအုပ်ဓမ္မပညာဆိုင်ရာ အလေးထားမှုများဟုခေါ်ဆိုမည့် ဓမ္မပညာ၏ရှုထောင့်များကိုအာရုံစိုက်ပါမည်။ ကျွန်ုပ်တို့ ဆိုလိုသည်မှာ သင်းအုပ်များနှင့် အသင်းတော်ခေါင်းဆောင်များအတွက် ပို၍ တိုက်ရိုက်အကျိုးပြုသော ယုံကြည်ချက်များ၊ လုပ်ဆောင်မှုများ၊ ခံစားမှုများနှင့် လမ်းကြောင်းများအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ မေးရမည့်မေးခွန်းများ_ အသင်းတော်ခေါင်းဆောင်မှုအတွက် လေ့ကျင့်ပေးသူများသည် ဓမ္မပညာလေ့လာခြင်းကိုမည်သို့ချဉ်းကပ်ရန် လိုအပ်သနည်း။ သူတို့ မည်သည့်အရာကို သိရန်လိုအပ်သနည်း။ သူတို့ မည်သည့်အရာကို လုပ်ဆောင်ရန်လိုအပ်သနည်း။ သူတို့ မည်သည့်အရာကို ဓမ္မပညာအရ ခံစားရန်လိုအပ်သနည်း။

ဝမ်းသာစရာမှာ၊ ဤမေးခွန်းများအတွက် အဖြေများကို တီထွင်ယူရန် မလိုအပ်ပါ။ အသင်းတော်သည် အရေးကြီးသော လမ်းညွှန်ချက်များစွာကို ညွှန်ပြထားပြီးဖြစ်သည်။ ရာစုနှစ်များတစ်လျှောက် ဓမ္မပညာဆိုင်ရာပညာရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ၊ ကမ္ဘာတစ်ဝှမ်းရှိ ဂိုဏ်းဂဏအမျိုးမျိုးတို့တွင် အများသဘောတူမှုသည်လည်း ကြီးထွားလာခဲ့သည်။ ယနေ့တွင်၊ အသင်းတော်ရှိခေါင်းဆောင်များအား ပညာပေးသောအခါတွင် သင်ပေးရန်လိုအပ်သောအကြောင်းအရာအမျိုးအစားများနှင့်ပတ်သက်၍ ယေဘူယျသဘောတူညီချက်ရှိသည်။

> ခရစ်ယာန်ခေါင်းဆောင်များကို ပြုစုပျိုးထောင်ရာ၌ မည်သည့်ဓမ္မပညာဆိုင်ရာ အကြောင်းအရာများသည် အရေးကြီးကြောင်း ဆွေးနွေးသောအခါ၊ ၎င်းတို့ထဲမှ နှစ်သက်ရာတစ်ခုကို စဉ်းစားနိုင်သည်။ ပထမအချက်မှာ၊ ဓမ္မဟောင်းမှသည် ဓမ္မသစ်အထိ သမ္မာကျမ်းစာသည် ဘုရားသခင်၏နိုင်ငံတော်နှင့် သန့်ရှင်းသော ပဋိညာဉ်အကြောင်းဖြစ်သည်။ စနစ်တကျဓမ္မပညာ၏ အစဉ်အလာအကြောင်းအရာများဖြစ်သည့် ခမည်းတော်ဘုရားအကြောင်းဓမ္မပညာ၊ ခရစ်တော်ဆိုင်ရာ အယူဝါဒ၊ သန့်ရှင်းသောဝိညာဉ်တော်ဆိုင်ရာ အယူဝါဒ၊ လူသားဆိုင်ရာအယူဝါဒ (မနုဿဗေဒ)၊ နောက်ဆုံးသောကာလဆိုင်ရာ အယူဝါဒနှင့် စသည်တို့ ဖြစ်သည်။ မှန်ပါသည်၊ လက်တွေ့ကျသောဓမ္မပညာနှင့် အသင်းတော်သမိုင်းတို့နှင့် ပို၍ပင် သက်ဆိုင်သည့် အကြောင်းအရာများလည်း ရှိသည်။ ကျွန်ုပ်အတွက်၊ အထူး

> သဖြင့် အသင်းတော်ခေါင်းဆောင်များ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား သူတစ်ဦးအနေဖြင့်၊ သူတို့သည်ဇေဝဂေလိတရားဟောပြောခြင်း၊ ဆုတောင်းခြင်း နှင့် သွန်သင်ခြင်းဆုကျေးဇူးအကြောင်းများကို သိရှိရန် လိုအပ်ပါသည်။ အထူးသဖြင့် ဧဝံဂေလိတရားသည် လူအစုအဝေးကို သွန်သင်ပေးရုံမျှသာမက၊ အသင်းတော်ခေါင်းဆောင်တစ်ဦးသည် တမန်တော်များကို ယေရှုပြုသကဲ့သို့ တပည့်များကို ဦးဆောင်ရန် လိုအပ်သည်။ ဤနေရာတွင် ပါဝင်သော နယ်ပယ်သည် အတော်အတန် ကျယ်ပြန့်သည်။

**ဒေါက်တာ Biao Chen**

ပုံမှန်ဓမ္မတက္ကသိုလ်သင်ရိုးညွှန်းတမ်းကို ဤကဲ့သို့ပုံသဏ္ဍာန်ရှိသော အဓိကဌာနသုံးခုဖြင့် ပိုင်းခြားလေ့ရှိသည်_ သမ္မာကျမ်းစာဆိုင်ရာဌာန၊ အယူဝါဒနှင့် သမိုင်းဆိုင်ရာဌာနနှင့် လက်တွေ့ပိုင်းဆိုင်ရာဌာနတို့ဖြစ်သည်။ ဤဌာနသုံးခုသည် အသင်းတော်၏ခေါင်းဆောင်များအား ဓမ္မပညာဖွံ့ဖြိုးတိုးတက်စေရန် သန့်ရှင်းသောဝိညာဉ်တော်ဦးဆောင်ပေးသည့် အဓိကနည်းလမ်းများကို ကိုယ်စားပြုသည်။ သမ္မာကျမ်းစာဆိုင်ရာဌာနဖြင့် စတင်ကြပါစို့။

သမ္မာကျမ်းစာဆိုင်ရာဌာနကို ပုံမှန်အားဖြင့် ဓမ္မဟောင်းလေ့လာမှုများနှင့် ဓမ္မသစ်လေ့လာမှုများအဖြစ် ပိုင်းခြားထားသည်။ သင်ရိုးညွှန်းတမ်း၏ ဤကဏ္ဍများသည် သမ္မာကျမ်းစာပါအကြောင်းအရာကို အဓိကထားပြီး၊ သမ္မာကျမ်းစာအားအနက်ပြန်ဆိုခြင်းနှင့်ပတ်သက်၍ တာဝန်ရှိကြောင်းကို အနာဂတ်အသင်းတော်ခေါင်းဆောင်များအား ဖော်ထုတ်ပြသပေးသည်။ အယူဝါဒနှင့် သမိုင်းဆိုင်ရာဌာနကို မကြာခဏဆိုသလို အသင်းတော်သမိုင်းနှင့် စနစ်တကျဓမ္မပညာအဖြစ် ပိုင်းခြားထားသည်။ မတူညီသောအချိန်များတွင် မတူညီသောနည်းလမ်းများဖြင့် ကမ္ဘာကြီးအားဆန့်ကျင်ရုန်းကန်လှုပ်ရှားနေသောကြောင့် ဘုရားသခင်သည် ခရစ်တော်၏ကိုယ်ခန္ဓာအဖြစ် အသင်းတော်ရှိဓမ္မပညာကို မည်သို့ဖွံ့ဖြိုးတိုးတက်စေခဲ့သည်ကို အသင်းတော်သမိုင်းသည် အလေးပေးဖော်ပြသည်။ စနစ်တကျဓမ္မပညာသည် ကျောင်းသားများအား သမ္မာကျမ်းစာသွန်သင်ခြင်းကို ယုတ္တိနည်းကျ သို့မဟုတ် စနစ်ကျသောနည်းလမ်းများအဖြစ် အသင်းတော်မှ စီစဉ်ပေးထားမှုကို ကျောင်းသားများအား ဖော်ထုတ်ပေးသည်။ နောက်ဆုံးတွင်၊ လက်တွေ့ပိုင်းဆိုင်ရာဌာနသည် ဟောပြောခြင်းနှင့် ဧဝံဂေလိတရားကဲ့သို့သော ကျောင်းသားများ၏ တစ်ကိုယ်ရေဝိညာဉ်ရေးရာဖွံ့ဖြိုးတိုးတက်မှုနှင့် လက်တွေ့ကျသောဓမ္မအမှုစွမ်းရည်တို့ကို အာရုံစိုက်စေသည်။

ကျွန်ုပ်တို့သည် ဤအခန်းဆက်ဆောင်းပါးများမှတဆင့် တိုးတက်လာသည်နှင့်အမျှ၊ ဤဓမ္မပညာဆိုင်ရာပိုင်းခြားမှုများ၏ အရေးကြီးသောပုံစံများကို အသိအမှတ်ပြုပါမည်။ ဓမ္မပညာ၏ဤကဏ္ဍတစ်ခုစီ၏ လုပ်ဆောင်မှုနည်းလမ်းများနှင့် ကျွန်ုပ်တို့ဓမ္မပညာကိုလိုက်နာချိန်တွင် ၎င်းတို့ အတူတကွလုပ်ဆောင်ပုံကို သုံးသပ်ပါမည်။ ထို့အပြင်၊ ကျွန်ုပ်တို့သည် ဌာနခွဲတစ်ခုစီကို လေ့လာသည့်အခါ ကျွန်ုပ်တို့၏ ဓမ္မပညာဆိုင်ရာပန်းတိုင်သုံးခုလုံးကို စွဲမှတ်ထားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှေးရိုးစွဲဝါဒ orthodoxy ကိုသာမက မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တို့ကိုလည်း အာရုံစိုက်ပါမည်။ ဤနည်းဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာတစ်ခုကို တည်ဆောက်ရန် ကြိုးစားလုပ်ဆောင်ပါမည်။

# နိဂုံး

ဤသင်ခန်းစာတွင် ဓမ္မပညာလေ့လာရာတွင်မေးနိုင်သော အခြေခံအကျဆုံးမေးခွန်းဖြစ်သည့် “ဓမ္မပညာဟူသည် အဘယ်နည်း” ကို ဖော်ထုတ်ပြထားပါသည်။ ဤမေးခွန်း၏ ရှုထောင့်သုံးခုဖြစ်သည့် ဓမ္မပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဓမ္မပညာ၏ပန်းတိုင်များနှင့် ဓမ္မပညာ၏ အကြောင်းအရာများကို ကျွန်ုပ်တို့ထိတွေ့ခဲ့ကြပါသည်။

ဓမ္မပညာကိုတည်ဆောက်ရန် ခရစ်တော်၏နောက်လိုက်တိုင်း၏ အခွင့်အရေးနှင့်တာဝန်ဖြစ်သည်။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ မြင်ခဲ့သည့်အတိုင်း၊ ဤကဲ့သို့နည်းလမ်းဖြင့်လုပ်ဆောင်ခြင်းသည် စိန်ခေါ်မှုတွေနှင့် အခွင့်အလမ်းများနှစ်ခုစလုံးကိုဖြစ်စေပါသည်။ ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏တွေးခေါ် ပုံ၊ ပြုမူပုံနှင့် ခံစားချက်တို့ကို ထိခိုက်စေသောလမ်းကြောင်းများကို ရှောင်ရှားရန် သတိရှိရပါမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အစေခံများအဖြစ် ကျွန်ုပ်တို့၏စဉ်းစားတွေးခေါ် ပုံ၊ ပြုမူဆောင်ရွက်ပုံနှင့် ခံစားချက်များကို မြှင့်တင်ပေးသည့်နည်းလမ်းများဖြင့် ဓမ္မပညာကိုလိုက်နာရန် ကျွန်ုပ်တို့အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်ဖြစ်သည်။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ဖြေရှင်းခဲ့သောပြဿနာများသည် အခြေခံအကျဆုံးဖြစ်သောကြောင့် *သင်၏ဓမ္မပညာအားတည်ဆောက်ခြင်း* ဆိုင်ရာ ဤအခန်းဆက်ဆောင်းပါးတစ်ခုလုံးကို သက်ရောက်မှုရှိမည်ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကိုချီးမြှောက်မည့် ဓမ္မပညာနှင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဘဝနှင့် ကမ္ဘာတစ်ဝှမ်းရှိ အသင်းတော်များတွင် ကိုယ်တော်၏နိုင်ငံတော်ကိုတည်ဆောက်ရန် ကျွန်ုပ်တို့အားပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။